# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြိမ် (၃၀) မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၃**

အကြိမ် (၃၀) မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ (AARM-30) ကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့ပြီး မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ် အားကစားသမား စုစုပေါင်း ၄၂ ဦး ပါဝင်ခဲ့ကြပြီး ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊ ထိလဲပြား ပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခုတို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲတွင် လာအိုတပ်မတော်မှ သေနတ်ပစ်အသင်းအနေဖြင့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းနည်းတူ ဆုတံဆိပ်ရရှိမှုများ တူညီခဲ့သော်လည်း ရိုင်ဖယ်ပစ်ခတ်စဉ်ပြိုင်ပွဲ အမှတ်ပေးပွဲစဉ် (၁)

*စာမျက်နှာ ၃ ကော်လံ ၁*




မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ်စရာ




**အမေရိကန်အာကာသဒရုန်းယာဉ်တစ်စင်း အာကာသထဲတွင် ၉၀၈ရက်ကြာပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်လာ**

နိုင်ငံတကာသတင်း | စာ - ၁၃

**နေရပ်ပြန်လိုသူတွေအတွက် အဓိကအဟန့်အတားနှင့် တရားခံများ**

ဆောင်းပါး | စာ - ၁၀



**တစ်ဆောင်းသစ်ပြီ ပုံမှန်လမ်းလျှောက်ကြရအောင်**

ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# အမျိုးသားရေးစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအားမာန်

၁၉၂၀ ပြည့်နှစ် ကောလိပ်သပိတ်သည် သူ့ကျွန်ဘဝကျရောက်နေစဉ်ကာလ နယ်ချဲ့ဗြိတိသျှ အစိုးရ၏ ဩဇာအာဏာကို ပထမဆုံးဆန့်ကျင်တော်လှန်ခြင်းဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ် စတင်နိုးကြားတက်ကြွခဲ့ခြင်းဖြစ်ပြီး နောင်တွင် ဆက်လက်ဖြစ်ပေါ်လာမည့် တောင်သူလယ်သမား အရေးတော်ပုံ၊ ၁၉၃၆ ခုနှစ် တက္ကသိုလ်သပိတ်၊ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံစသည့် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများ၏ ကနဦးအစလည်းဖြစ်သည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးကာလတွင် မြန်မာဘုရင်လက်ထက် ပညာရေးစနစ်ဖြစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးကြောင့် မြန်မာလူမျိုးစာတတ်မြောက်သူ ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့သော်လည်း ၁၉၂၀ ပြည့်နှစ်တွင် ၃၅ ရာခိုင်နှုန်းခန့်သာ စာတတ်မြောက်ကြတော့သည်။ နယ်ချဲ့အစိုးရကြောင့် ရှိရင်းစွဲပညာရေးစနစ် ပျက်စီးခဲ့ရခြင်းနှင့် ပညာရေးကဏ္ဍအတွက် အားပေးထောက်ပံ့မှု မရှိခြင်းတို့က အဓိက အကြောင်းရင်းခံပင်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့အနေဖြင့် မြန်မာ့မြေပေါ်မှ ရသမျှကို အမြတ်ထုတ်ရန်ကိုသာ ရည်ရွယ်ပြီး လက်အောက်ခံနိုင်ငံနှင့် နိုင်ငံသားတို့ကို ဖွံ့ဖြိုးတိုးတက်လာအောင် မြေတောင်မြှောက်ပေးရန်လည်း အစီအစဉ်မရှိပေ။ ၁၉၁၇ ခုနှစ် အိန္ဒိယရှိ ဒေသအချို့တွင် ဒိုင်အာခီခေါ် ပူးတွဲအုပ်ချုပ်သည့်စနစ်ကို ပေးအပ်သည့်အခါ မြန်မာတစ်နိုင်ငံလုံးတွင် ဘီအေအောင်သူ ဦးရေ ၄၀၀ မပြည့်၍ဟု အကြောင်းပြချန်လှပ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် လက်အောက်ခံနိုင်ငံသားတို့ ပညာရေး နိမ့်ကျလေ၊ အုပ်ချုပ်မှု လွယ်ကူ၍ ကျွန်သက်ရှည်လေ ဟူသော သဘောတရားကို တွေ့ရသည်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ပေါ်ထွက်လာခြင်းသည် မြန်မာတို့က သီးခြားတက္ကသိုလ် တည်ထောင်ပေးရန် တောင်းဆိုမှုများ စတင်ခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ ခန့်နီးနီး ကြာမြင့်ပြီးနောက်မှ မတတ်သာ၍ ပေါ်ထွက်လာရခြင်းဖြစ်သည့်အပြင် တက္ကသိုလ်ပညာရေးကို လက်လှမ်းမမီနိုင်ကြစေရန်၊ ပညာတတ် နည်းနိုင်သမျှနည်းစေရန် ကန့်သတ်မှုများ ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ ကိုလိုနီပညာရေးစနစ်အရ တက္ကသိုလ်တက်ခွင့်ရသူများအနေဖြင့်လည်း နယ်ချဲ့အစိုးရ၏ အုပ်ချုပ်ရေးယန္တရားအတွက် အထောက်အကူရစေရန်သာဖြစ်ပြီး မြန်မာနိုင်ငံနှင့် နိုင်ငံသားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့် စက်မှုအင်ဂျင်နီယာပညာရပ်များ သင်ကြားပေးရန် ရည်ရွယ်ခြင်းမရှိပေ။ ကိုလိုနီခေတ်ပညာရေးနှင့် အုပ်ချုပ်ရေးတို့က မြန်မာတိုင်းရင်းသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အောက်ကျနောက်ကျဖြစ်စေခဲ့ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကိုပါ သေးသိမ်စေခဲ့သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်ခဲ့သည့် ကောလိပ်သပိတ်သည် အမိနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဂုဏ်သိက္ခာကို ကယ်တင်ခြင်းဖြစ်သလို တစ်နိုင်ငံလုံးတွင် အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်စေခဲ့သည်။ ဝံသာနုရက္ခိတတရားတို့ ထွန်းကားခဲ့ပြီး ဖိနှိပ်ခံကျွန်သပေါက်ဘဝမှ စည်းလုံးညီညွတ်စွာ ရုန်းကန်တွန်းလှန်မှုတို့ အစပြုခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် ၁၀၂ နှစ်က နယ်ချဲ့အစိုးရလက်အောက်တွင် ဘိုးဘွားတို့ ခုခံတော်လှန်ခဲ့ကြသည့် အမျိုးသားရေးစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု အားမာန်တို့သည် မျက်မှောက်ကာလ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရေးအတွက်လည်း အဓိက လိုအပ်ချက်များပင်ဖြစ်ရာ အမျိုးသားရေးအမွေအဖြစ် ဆက်လက်ခံယူနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။

★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။

★ အမျိုးသားပညာရည်မြင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။

★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

( ၁၇ - ၁၁ - ၂၀၂၂ )

## SIM Card **များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်**

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသား စိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေး ပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ) နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း (၁၉-၉-၂၀၂၂) ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁) (င) နှင့် (၂) (ဃ) တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ကတ်အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက် သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ (၁-၁၁-၂၀၂၂) ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများ အပ်နှံခြင်း မပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုး ကိုင်ဆောင်သူ (၅၂) သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ ၊ ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့် ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေ စာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိ လာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ (၂) ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေး ကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဖိုရမ်နှင့် ပြပွဲများသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vitaly Saveliev ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်မည့် (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week, 2022 ပြပွဲသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ခရီးစဉ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (ဃာပုံ)

သတင်းစဉ်



# စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရန်လို

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြစိမ်းရောင်စီမံကိန်းများသည် ဒေသဖွံ့ဖြိုးရေးအတွက် လက်တွေ့အကျိုး ဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက်လည်း မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ငွေများ ထုတ်ပေးထားရှိပါကြောင်း၊ ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်၍ သက်ဆိုင်သူအားလုံးက ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခေမရဌ်ဆွေ့ရိပ်သာတွင် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေးမှာကြား**

တွေ့ဆုံပွဲတွင် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး က စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ ဒေသဖွံ့ဖြိုးရေးကို လုပ်ငန်းကဏ္ဍအလိုက် စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

**ခေတ်မီနည်းပညာများအသုံးပြု**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျိုင်းတုံမြို့နယ် မိုင်းဇင်ကျေးရွာအုပ်စု ဟွေခါးကျေးရွာရှိ လားဟူနှင့် အာခါကုမ္ပဏီလီမိတက် သဘာဝလက်ဖက်ခြောက်ဖြန့်ချိရေးလုပ်ငန်းသို့ ရောက်ရှိပြီး လက်ဖက်အခြောက် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးကာ လက်ဖက်တောင်သူများနှင့် တွေ့ဆုံ၍ ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ဒေသ၏ ဝိသေသထွက်ကုန် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းမြှင့်တင်ရေး၊ ခေတ်မီနည်းပညာများအသုံးပြုကာ အရည်အသွေးမြင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ရေး၊ ဈေးကွက်ရရှိရေး၊ ရေရှည်တည်တံ့သော စီးပွားရေးထုတ်ကုန်ဖြစ်စေရေးအတွက် ဒေသအစိုးရ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လွယ်မွေကျေးရွာအုပ်စု လွယ်မွေတောင်စခန်းမြို့သို့ ရောက်ရှိကြပြီး လွယ်မွေကန် ပြန်လည်တူးဖော်ခြင်း၊ ကျောက်စီခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❑ *ရှေ့ဖုံးမှ*

တွင် မြန်မာအသင်းမှ ရမှတ်ပေါင်း ၃၃၅ ဒသမ ၁၄ မှတ်ရရှိခဲ့ပြီး လာအိုအသင်းမှ ရမှတ်ပေါင်း ၂၂၀ ဒသမ ၀၅ မှတ်သာ ရရှိခဲ့ခြင်းကြောင့် နိုင်ငံအလိုက်အဆင့်သတ်မှတ်ချက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ယှဉ်ပြိုင်နေစဉ်။

**(၃၀) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ နိုင်ငံအလိုက်ရရှိသည့် ဆုဖလား/တံဆိပ်နှင့်အဆင့်သတ်မှတ်ချက်ဇယား**

| စဉ် | နိုင်ငံ | ဆုဖလား | အမှတ်ပေးပွဲစဉ် | | | ထိလဲပြားပွဲစဉ် | | | စုစုပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | |
| ၁ | ဗီယက်နမ် | ၈ | ၁၁ | ၉ | ၆ | ၆ | ၆ | ၄ | ၁၇ | ၁၅ | ၁၀ | I |
| ၂ | အင်ဒိုနီးရှား | ၂ | ၇ | ၇ | ၄ | ၆ | ၆ | ၄ | ၁၃ | ၁၃ | ၈ | II |
| ၃ | ဖိလစ်ပိုင် | ၂ | ၆ | ၇ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၃ | ၈ | III |
| ၄ | မြန်မာ | ၁ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | IV |
| ၅ | လာအို | ၀ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | V |
| ၆ | ထိုင်း | ၂ | ၄ | ၅ | ၈ | | | ၂ | ၄ | ၅ | ၁၀ | VI |
| ၇ | စင်ကာပူ | ၀ | ၄ | ၄ | ၈ | | | ၂ | ၄ | ၄ | ၁၀ | VII |
| ၈ | မလေးရှား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | VIII |
| ၉ | ဘရူနိုင်း | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | IX |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | X |

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့တွင်ကျင်းပခဲ့သည့် အိန္ဒိယကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အိန္ဒိယသမ္မတနိုင်ငံကုန်သည်များအသင်း (Indian Chamber of Commerce–ICC) ၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နိုဝင်ဘာ ၁၁ ရက်က အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ ITC Sonar Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် "အိန္ဒိယ ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေး" သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။




**ဧည့်သည်တော်များ တက်ရောက်**

ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၅ နာရီတွင်ကျင်းပရာ စုံညီအစည်းအဝေးသို့ အိန္ဒိယနိုင်ငံအစိုးရကုန်းလမ်းပို့ဆောင်ရေး၊ အဝေးပြေးလမ်းနှင့်လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး အငြိမ်းစား ဗိုလ်ချုပ်ကြီး Dr.V.K. Singh (Retd.)၊ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Rajkumar Ranjan Singh၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အိန္ဒိယကုန်သည်ကြီးများအသင်း (Indian Chamber of Commerce – ICC) ဥက္ကဋ္ဌ Mr. Pradeep Sureka ဦးဆောင်သော အိန္ဒိယကုန်သည်ကြီးများ အသင်းမှ တာဝန်ရှိသူများ၊ အိန္ဒိယကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

မြန်မာ–အိန္ဒိယကုန်သွယ်ဆက်ဆံရေး (Special Session on India–Myanmar Trade Relations) ဆွေးနွေးမှုအပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် အဖွင့်အမှာစကားပြောကြားရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် နှစ်နိုင်ငံငွေကြေးများကို သုံးစွဲနိုင်ရေးကိစ္စများ၊ နှစ်နိုင်ငံအကြားချုပ်ဆိုထားသော ပဲစင်းငုံနှင့် မတ်ပဲရောင်းဝယ်ရေးစာချုပ်တွင် ပဲတီစိမ်းနှင့် အခြားပဲ အမျိုးအစားများပါ ထည့်သွင်းနိုင်ရေး နှစ်နိုင်ငံကုန်စည်ပြပွဲများကျင်းပနိုင်ရေးနှင့် နှစ်ဖက်ကုန်သည်များအကြား ပိုမိုထိတွေ့ပူးပေါင်း ဆောင်ရွက်ရေးကိစ္စ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသော စီမံကိန်းအခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပူးတွဲကော်မတီများနှင့် နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစရှိသည့် ဆက်သွယ်မှုယန္တရားများ ပိုမိုရင်းနှီးခိုင်မာအောင် တည်ဆောက်ရေးနှင့် နှစ်နိုင်ငံအကြားတွင် နိုင်ငံတကာ၊ ဒေသတွင်းနှင့်နှစ်နိုင်ငံချင်းစသည့် အလွှာအလိုက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

**ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်**

စုံညီအစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယကုန်သည်ကြီးများအသင်း (Indian Chamber of Commerce – ICC) မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၁ နာရီက ကိုလ်ကတ္တားမြို့ JW Marriot Hotel တွင် ကျင်းပသည့် အိန္ဒိယနိုင်ငံ စက်မှုထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကောင်စီ (Engineering Export Promotion Council – EEPC) ၏ ဖိတ်ကြားချက်အရ ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး အလားအလာများ၊ ကျပ်နှင့် ရူပီးများကို နှစ်နိုင်ငံကုန်သွယ်မှုတွင် သုံးစွဲနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သည်များအနေဖြင့် Asian Clearing Union (ACU) ငွေပေးချေမှုယန္တရားကို အသုံးပြု၍ ကုန်သွယ်မှုဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ EEPC India အဖွဲ့အစည်း ဥက္ကဋ္ဌ Mr.Arun Kumar Garodia၊ အာဆီယံ နိုင်ငံများနှင့် ကုန်သွယ်မှုကော်မတီဥက္ကဋ္ဌ Mr.Tsuhar Shah နှင့် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Binod Sadra နှင့်အတူ အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုလ်ကတ္တားမြို့ Bangal Club တွင် အိန္ဒိယပို့ကုန်အဖွဲ့ချုပ် (Federation of Indian Export Organization–FIEO) ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေး အလားအလာကောင်းများကို ဆွေးနွေးပြောကြားကာ အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ သိရှိလိုသည်များကို ဖြေကြားပေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ FIEO ဥက္ကဋ္ဌ Mr. Yogesh Gupta နှင့်အတူ အဖွဲ့ဝင်များ၊ အိန္ဒိယရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Vishal Singh နှင့် ကိုလ့်ကတ္တားမြို့ Bangal Clup ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အထူးသဖြင့် ပဲမျိုးစုံများကို အိန္ဒိယနိုင်ငံမှ ပိုမိုဝယ်ယူပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်ရန်စိတ်ဝင်စားသော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပဏာမရှင်းလင်းပြောကြားခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ကဏ္ဍအသီးသီးမှ စုစုပေါင်းကုမ္ပဏီ ၁၅ ခု ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၃

**ပဲခူးတိုင်းဒေသကြီး (အရှေ့) ၂၀၂၂–၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သင်ကြားသင်ယူမှု ဖြစ်စဉ်အရ တီထွင်ဖန်တီးသည့်အဆင့်ရောက်ရှိအောင် သင်ကြားပေးနိုင်ရန် ယခုလိုသင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချမှုသည် အင်မတန် အရေးကြီးသည့်အချက်တစ်ခုဖြစ်ကြောင်း၊ သင်ယူမှုဖြစ်စဉ် သင်ယူမှုတြိဂံအရ (Practice doing) ဟုခေါ်သည့် လေ့ကျင့်လုပ်ဆောင်ခြင်းကြောင့် သင်ယူမည့် အကြောင်းအရာ၏ ၇၅ ရာခိုင်နှုန်းကျော်ကို ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ရရှိကြမည်ဖြစ်သည့်အတွက် စနစ်သစ်ပညာရေး၏ ရည်ရွယ်ချက်ကို အချိန်တိုအတွင်းရောက်ရှိအောင် အထောက်အကူဖြစ်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ဘဏ္ဍာငွေ အမြောက်အမြားအသုံးပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ၍ နိုင်ငံတော်၏စေတနာကိုနားလည်သိရှိပြီး ဆရာ ဆရာမများအနေဖြင့် သင်ထောက်ကူပစ္စည်းများ အသုံးချနိုင်မှုကို ကြိုးပမ်းသင်ယူကြရန် ပြောကြားသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးလွင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများက ပဲခူးတက္ကသိုလ်မှ သင်တန်းနည်းပြများနှင့် သင်တန်းသား ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စာသင်ခန်းများအတွင်း သင်ခန်းစာများသင်ယူ၊ သင်ကြားနေမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါ သင်တန်းအား ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်ခရိုင်တို့မှ ဓာတုဗေဒဘာသာရပ်အတွက် ဆရာ ဆရာမ ၃၄၆ ဦး၊ ရူပဗေဒဘာသာရပ်အတွက် ဆရာ ဆရာမ ၅၉၃ ဦး၊ ဇီဝဗေဒဘာသာရပ်အတွက် ဆရာ ဆရာမ ၄၀၅ ဦး တက်ရောက်သင်ယူကြမည်ဖြစ်ပြီး ပဲခူးတက္ကသိုလ်မှ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဌာနများရှိ ပါမောက္ခများ၊ ဌာနမှူးများက တာဝန်ယူကာ နိုဝင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၉ ရက်၊ ၂၀ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) တွင်လည်း ပြည်တက္ကသိုလ်မှ ပါမောက္ခများ၊ ဌာနမှူးများက တာဝန်ယူပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးထပ်သီးနှံများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်မှသာ တောင်သူများ ဝင်ငွေပိုမိုရရှိစေမည်

နေပြည်တော် နိုဝင်ဘာ ၁၃

**ကုန်ကျစရိတ် သက်သာစွာဖြင့် သီးထပ်သီးနှံများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်မှသာ တစ်ဧကချင်း၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာပြီး တောင်သူများ ဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထယ်ရေးမလိုသော မျိုးစေ့ချ ကိရိယာအသုံးပြုခြင်းဖြင့် ထွန်စက်ကြီးအသုံးပြုမှုမှ ကြုံတွေ့ရမည့် မြေသိပ်သည်းမှုကို ဖြေလျှော့နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က ပြောကြားသည်။**



ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနက ကျင်းပသည့် ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာဖြင့် မတ်ပဲစိုက်ပျိုးခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် တောင်သူများက ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာဖြင့် မတ်ပဲစိုက်ပျိုးခြင်းကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုဝန်ကြီးက ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့နှင့် ဓါတ်မြေဩဇာကို မြေအတွင်း တိုက်ရိုက်ထည့်သွင်းစိုက်ပျိုးနိုင်မှု၊ မျိုးစေ့အနည်းအများ ပင်ကြားတန်းကြား အစိပ်အကျဲကို လိုအပ်သလိုချိန်ညှိစိုက်ပျိုးနိုင်မှု၊ တောင်သူများအသုံးပြုနိုင်ရန် ပုဂ္ဂလိက လယ်ယာသုံးစက် ကိရိယာလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး တောင်သူများ လက်ရှိကျင့်သုံးနေသော စိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ပေါစံခေါကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ပေါင်းလောင်းဆည်ရေသောက် ရေအသုံးချသူအဖွဲ့ဝင် တောင်သူများနှင့် လည်းကောင်း၊ သစ်စိမ့်ပင်ကျေးရွာအနီးရှိ ပေါင်းလောင်းရေလွှဲဆည် ရှင်းလင်းဆောင်၌ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် လည်းကောင်း တွေ့ဆုံသည်။

### ဆွေးနွေးမှာကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တောင်သူများ အကျိုးရှိစေမည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးပြီး ဆည်ရေသောက်ဧရိယာ၏ သီးနှံထုတ်လုပ်နိုင်မှုစွမ်းအား တိုးမြှင့်ရေး၊ မြေမျက်နှာသွင်ပြင် အခြေအနေပေးမှုကို အသုံးချ၍ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေး၊ သီးနှံစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်နေရာများတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အစာပင်များ စိုက်ပျိုးလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးခြင်းဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ပေါင်းလောင်း ရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်ယူပြီး ဆက်လက်စီးဆင်း ထွက်ရှိလာသည့် ရေများကို ပေါင်းလောင်း ရေလွှဲဆည်မှတဆင့် အရှည်မိုင် ၃၀ ရှိ လက်ဝဲတူးမြောင်းမကြီးနှင့် အရှည်မိုင် ၃၀ ခန့်ရှိ လက်ယာတူးမြောင်းမကြီးတို့ဖြင့် သွယ်ယူပြီး နေပြည်တော် ပျဉ်မနား၊ လယ်ဝေးမြို့နယ်များ နှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တို့ရှိ စုစုပေါင်း စိုက်ပျိုးမြေ ဧရိယာ ဧက နှစ်သောင်းကျော်ကို အကျိုးပြုလျက်ရှိရာ ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၉၀၀၀ ခန့် စိုက်ပျိုးခဲ့ပြီး ဆောင်းသီးနှံ သီးထပ်တွင် ပဲမျိုးစုံနှင့် နှမ်းသီးနှံဧက ၁၅၀၀၀ ကျော်၊ နွေစပါးဧက ၁၂၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ငါးမွေးမြူရေး တောင်သူဦးကြည်ထွန်း၏ ပေါင်းလောင်းချောင်းအတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

### နည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေး

ငါးမွေးမြူရေးကိုအခြေခံသော အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိရန်၊ ဒေသ၏ ငါးမွေးမြူထုတ်လုပ်မှုတိုးတက်ရန်၊ သဘာဝရေပြင်တွင် အရင်းအနှီး ကုန်ကျစရိတ်သက်သာစွာ ငါးမွေးမြူထုတ်လုပ်နိုင်မည့် ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းအတွက် ငါးလုပ်ငန်းဦးစီးဌာနက လိုအပ်သည့် နည်းပညာနှင့် အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## မန္တလေးတိုင်းဒေသကြီးအတွင်း မဲဆန္ဒနယ်မြေ၊ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မဲပေးနိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ဦးအောင်စောဝင်းနှင့် ဦးဘရန်ရှောင်တို့သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် မြို့နယ်အသီးသီး၏ လျာထားမဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ လျာထားမဲရုံတည်နေရာများအား စိစစ် အတည်ပြုခြင်းများအပြင် မြို့နယ်အသီးသီးတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်းများနှင့် စပ်လျဉ်း၍ စိစစ်တွက်ချက်အတည်ပြုခြင်းများကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး လိုအပ်ချက်၊ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့်အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စုရှိ တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေး ဧက ၁၀၀ စံပြစိုက်ကွင်းတွင် တောင်သူ ဦးအောင်ပြည့်၏ လယ်မြေ၌ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးခင်မောင်မြင့်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်စိုးမိုး၊ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစိုးသန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်းနှင့် အဖွဲ့ဝင်များ၊ တောင်သူများသည် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု၊ မျိုးသန့်စိုက်ခင်း ဆောင်ရွက်နေမှုနှင့် မိုးစပါး စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများကို လေ့လာကြည့်ရှုခဲ့ပြီး အဆိုပါစံပြကွက်ရိတ်သိမ်းရာတွင် တစ်ဧကအစိုတင်း ၁၁၀၊ တစ်ဧကအခြောက်တင်း ၁၀၂တင်းထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးထွန်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ ညှိနှိုင်းအစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်နေသော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးစံမီသော သတ်မှတ်ပစ္စည်းများ သုံးစွဲရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ ခေတ်လှေကားအသစ်တပ်ဆင်ပြီးစီးမှုနှင့် လေအေးပေးစက်များ အသစ်လဲလှယ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။



**လိုအပ်သည်များ မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ အစည်းအဝေး ကျင်းပမည့် ဝိဇယမင်္ဂလာဓမ္မသဘင်သို့ရောက်ရှိပြီး အစည်းအဝေးအတွက် ခင်းကျင်းပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (ဝဲပုံ)

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးသို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သန်လျင်မင်းကျောင်း ပထမပြန်ကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး၏ ဘုရားခန်းမ၌ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ ညှိနှိုင်းအစည်းအဝေး ပထမနေ့နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

# ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိအောင် လောကနီတိ၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များကို လေ့ကျင့်သင်ကြားပေးရမည်

ရန်ကုန် နိုဝင်ဘာ ၁၃

**လူဖြစ်ပါက အသက်မွေးဝမ်းကျောင်းပညာကို တတ်ကျွမ်းရမည်ဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာဟုဆိုရာတွင် သမာအာဇီဝကျကျ ဖြစ်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမအလုပ်သည် အနန္တောအနန္တငါးပါးတွင် ပါဝင်သည့် မွန်မြတ်သောအလုပ်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ဂုဏ်သိက္ခာအရမြင့်မားပြီး ဂုဏ်ယူဖွယ်ကောင်းသူများဖြစ်သည့်အတွက် မိမိတို့တပည့်များ၏ဘဝကို ကောင်းမွန်သည့် အနာဂတ်များပိုင်ဆိုင်နိုင်စေရန် ဖန်တီးပေးရမည်ဖြစ်ပါကြောင်း ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပြောကြားသည်။**(ယာပုံ)




နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ရှိ ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း ပညာရတနာခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် ထက်၊ လယ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၂/၂၀၂၂)သို့ သင်ခန်းစာ ဆွေးနွေးပို့ချရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

**အမြဲတမ်းသင်ယူလေ့လာ**

ဆက်လက်၍ ဒုတိယဝန်ကြီးက နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်မျိုးဆက်သစ်များ၊ အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် ပညာတတ်များ မဖြစ်မနေလိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိအောင် လောကနီတိ၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်များကို စည်းကမ်းတကျလိုက်နာနိုင်သော ယဉ်ကျေးလိမ္မာသည့် ပညာတတ် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်အတွက် လေ့ကျင့်ပျိုးထောင် သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် အမြဲတမ်းသင်ယူလေ့လာနေရမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပေးရမည် ဖြစ်ပါကြောင်း။

**လေ့လာဆည်းပူး**

အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံးကိုပညာသင်ကြားပေးရန် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟူသော အစဉ်အလာကောင်းကို ထိန်းသိမ်းရန်၊ နိုင်ငံသားတိုင်း တွေးခေါ်ဆင်ခြင် သုံးသပ်နိုင်စွမ်းနှင့် အမြော်အမြင်ရှိစေရန်၊ တိုင်းပြည်ချစ်စိတ်များ ကိန်းအောင်းစေရန် ဆရာ ဆရာမများတွင် တာဝန်ရှိပါကြောင်း၊ သင်တန်းတွင် ပို့ချသည့်ပညာရပ်များကို အလေးထားလိုက်နာပြီး မိမိတို့၏ ခံယူချက်၊ စိတ်ဓာတ်နှင့် ကျင့်ဝတ်သိက္ခာများ၊ အသိပညာ၊ အတွေးအခေါ်များ မြင့်မားလာစေရေး စနစ်တကျ သင်ယူလေ့လာကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အတွက် ရုံးလုပ်ငန်းများ၊ စီမံဘဏ္ဍာလုပ်ငန်းများနှင့် မိမိတို့၏တာဝန်ဝတ္တရားများကိုလည်း လေ့လာဆည်းပူး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပို့ချသည်။

**တက်ရောက်**

အဆိုပါ ထက်၊ လယ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၂/၂၀၂၂) သင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထက်၊ လယ် ကျောင်းအုပ် ဆရာ ဆရာမ ၃၀၀ တက်ရောက်ခဲ့ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ) အောင်ဆန်းသူရိယလှသောင်း ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘူးသီးတောင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက အထွက်နှုန်း ၈၀ ဒသမ ၇၉ တင်း ထွက်ရှိ

**ဘူးသီးတောင် နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ယမန်နေ့က ဘူးသီးတောင်မြို့နယ် ကွန်တိုင်ကျေးရွာအုပ်စု ကွန်တိုင်တောင်ကွင်း၌ ပြုလုပ်သည်။



အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးဌာနမှူး ဦးအောင်နှင်းထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဦးမောင်မောင်ညီနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ခဲ့ကြပြီး ရိတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ကြရာတောင်သူ ဦးအဘူကာလင်၏ စိုက်ပျိုးထားသော မနော်ဟာရီ အထွက်ကောင်း မျိုးစံကွက်ကို ရိတ်သိမ်းခဲ့ရာ အစိုတစ်ဧက အထွက်နှုန်း ၈၀ ဒသမ ၇၉ တင်း၊ အခြောက် ၇ ဒသမ ၁၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**

## တိမ်အနည်းငယ် ဖြစ်ထွန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ် (U.E.1)ရပ်ကွက် အနော်ရထာလမ်း ချမ်းမြေ့မေတ္တာ ပရိယတ္တိကျောင်းတိုက်ရှိ သံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆပ်ကပ်လှူဒါန်းခဲ့ကြသည်။**(အောက်ပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။**(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ ဝိဇာတဗိမာန် မိုးကုတ်ကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဉ္ဇူကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဇေတဝနာရုံပါဠိ တက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်ရှိ စက်မှုမစိုးရိမ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံ ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဓမ္မရတနာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။**(ယာပုံ)**



အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်က ဝန်ကြီးဌာန၏ ရည်မှန်းချက် အောင်မြင်ရေးနှင့် ရခိုင်ပြည်နယ်အတွက် ရရှိသော ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိအောင် အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံအတွက်၊ ပြည်နယ်အတွက် လုပ်ငန်းအားလုံး အပေါ်တွင် စေတနာထား လုပ်ဆောင်ကြရန်နှင့် မျိုးဆက်သစ်လူငယ်များအတွက် အင်ဂျင်နီယာများက စေတနာထားကာ အကောင်းဆုံး လုပ်ဆောင်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးဝင်းမြင့်ဟန်က ၂၀၂၂-၂၀၂၃ ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းတံတားလုပ်ငန်းများ၊ ၂၀၂၂-၂၀၂၃ ပြည်နယ် (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းတံတား လုပ်ငန်းများ၊ ပြည်နယ်(ငွေလုံး ငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြခြင်း၊ ခရိုင်တာဝန်ခံများက မိမိတို့ခရိုင်အလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးက ပြန်လည်ဆွေးနွေး ပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

## ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

**ပြည် နိုဝင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်း အခြေခံပညာအထက်တန်းဆင့်(သင်ရိုးသစ်)သင် ဆရာ၊ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့ အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ပြည်တက္ကသိုလ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးခွဲ(ပြည်)မှ တာဝန်ရှိသူများနှင့် သင်တန်းသား/ သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးတိုးလှိုင်က အမှာစကားပြောကြားပြီး ပြည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်က အခြေခံပညာအထက်တန်းဆင့်သင် ဆရာ/ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကာ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီး ပညာရေးမှူးရုံးခွဲ(ပြည်)မှ တိုင်းဒေသကြီးပညာရေးမှူး ဦးတင်ယုက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အခြေခံပညာကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ/ဆရာမ ၂၇၅ ဦး တက်ရောက်ပြီး ၎င်းတို့ကို ပြည်တက္ကသိုလ် ဓာတုဗေဒဌာနမှ ပါမောက္ခဌာနမှူးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများက ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး ပညာရပ်များကို သင်တန်းကာလ နှစ်ရက်ကြာ သင်ကြားပို့ချ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



**ကိုဆက်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

**မကွေး နိုဝင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးကကျင်းပသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၂ ရက်က မကွေးမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အထက်တန်းအဆင့် Grade-11 သင်ရိုးသစ်ဆွေးနွေးပွဲများအား ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်များတွင် ကျင်းပခဲ့ပြီး ဖြစ်သလို သင်ရိုးသစ်အတန်းများတွင် ပါဝင်သည့် သိပ္ပံဘာသာရပ်သင်ခန်းစာများတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို ကျောင်းများအလိုက် ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသားကျောင်းသူများအား သင်ကြားပို့ချရာတွင် ဆရာ ဆရာမများ၏ အရည်အသွေးများကို ပိုမိုမြှင့်တင်ပေးရန် ရည်ရွယ်ကာ တစ်ဘာသာလျှင် နှစ်ရက်နှုန်းဖြင့် သင်တန်းဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများသာမက ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများသည်လည်း သင်တန်းတက်ရောက်ခြင်းဖြင့် အခြေခံပညာရေးတစ်ခုလုံး ညီမျှစွာတိုးတက်စေရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မကွေးတက္ကသိုလ် ဓာတုဗေဒဌာနမှူးက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများ၊ သင်ခန်းစာ ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းခန်းမများအတွင်း အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုသည်။(ဓါတ်ပုံ)

အဆိုပါ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းကို နိုဝင်ဘာ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများအနေဖြင့် ဓာတုဗေဒဘာသာရပ်တွင် ၄၂၇ ဦး၊ ရူပဗေဒဘာသာရပ်တွင် ၄၂၄ ဦးနှင့် ဇီဝဗေဒဘာသာရပ်တွင် ၂၉၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ**

---

❑ *ကျော်ဖုံးမှ*

အောင်လအန်ဆန် နှင့် အိုကာမီပွဲကို အပိုင်း-၂ ၏ တတိယမြောက်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောင်ဆင်ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံသား အကီမိုတိုနှင့် ထိုင်းနိုင်ငံသား ပတ်ချာထာနွန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်းစိန်ခေါ်ပွဲအဖြစ် ဂျပန်နိုင်ငံသား အိုကာမီနှင့် ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် စိန်ခေါ်ပွဲ ထိုးသတ်ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုမှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခင်က မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့် ၂၀၂၁ ခုနှစ် ဧပြီလတွင် အရေးနိမ့်ကာ လက်လွှတ်ခဲ့ရပြီးနောက် စိန်ခေါ်ပွဲများသာ ထိုးသတ်နေရခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲထိုးသတ်ရန် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၁၂ ရက်က ရောက်ရှိနေပြီဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ တစ်ပတ်ဝန်းကျင် ကြိုတင်လာရောက်ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - ONE**

❍ *ကျော်ဖုံးမှ*

နှစ်ပွဲသာရှုံးခဲ့ပြီး ပါဝါလက်သီး တစ်ပေါက်နှင့် သတ်ဒူးအပြင် အမှတ်မထင် တိုက်ခိုက်လေ့ရှိသည်။ ဦးခေါင်းတိုက်ချက်ကလည်း အားသာချက်များသည်။ သွေးသစ်ဝင်းလှိုင်သည် ၈၄ ပွဲကစားထားပြီး တစ်ပွဲသာ ရှုံးနိမ့်ဖူးသေးသည်။ တိုက်စစ်ထက်တန်ပြန်ထိုးကွက်ကိုသာ အားပြုကစားသူ တစ်ဦးဖြစ်ပြီး ကာယအား၊ ဉာဏအားနှင့်ပါ ထိုးသတ်လေ့ရှိသူဖြစ်သည်။

၆၇-၇၁ ကီလို (လိုက်မစ်ဒယ် ဝိတ်တန်း) တွင် ကျော်စွာဝင်း နှင့် မင်းထက်အောင်၊ ၆၃ ဒသမ ၅ - ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း)တွင် သွေးသစ်မောင်နှင့် စောမင်းမင်း၊ ၆၀ - ၆၃ ဒသမ ၅ ကီလို (လိုက်ဝယ်လ်တာဝိတ်တန်း)တွင် စောဝါလုနှင့် ကိုနိုင်း၊ မိုးမှောင်နှင့် ထက်နိုင်အောင်၊ ၅၇-၆၀ ကီလို (လိုက်ဝိတ်တန်း) တွင် ဇွဲမာန်နှင့် စောဂျွန်၊ ၅၄-၅၇ ကီလို (ဖယ်သာဝိတ်တန်း) တွင် ကိုကိုနှင့်အောင်ထက်ဦး၊ မိုးဟိန်းနှင့် စောငမောက်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၀ | ၂၈၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၂၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၉ | ၂၀၃၁ |
| 95 Ron | ၂၀၇၀ | ၂၁၄၅ |
| HSD (500 ppm) | ၂၅၀၁ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၇၂ | ၂၆၅၃ |
| HSD (10 ppm) | ၂၅၇၂ | ၂၆၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့၌ မဇ္ဈိမာလင်္ကာရ သာမဏေကျော်စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ မဇ္ဈိမဂုဏ်ရည် မုဒုံမောင်မောင်မဟာဓမ္မဗိမာန်တော်ကြီး၌ ယနေ့ မွန်းလွဲပိုင်းတွင် မဇ္ဈိမာလင်္ကာရ သာမဏေကျော် စာမေးပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ကြီး၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် မဇ္ဈိမဂုဏ်ရည် ဆရာတော်ဘဒ္ဒန္တကောဝိဒက အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားမိန့်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော အလှူငွေများအား စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌထံ



ပေးအပ်လှူဒါန်းခဲ့ပြီး စာမေးပွဲဖြေဆိုမည့်ရက်များတွင် သံဃာတော်များ၏ ဆွမ်းကိစ္စ၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် တွေ့ဆုံ

**ပင်းတယ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မြင်းမူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၂၀၁၉-၂၀၂၀/၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း တက်ရောက်၍ အဆိုပါကျောင်းအတွက် အလှူငွေများ ပေးအပ်ပြီး တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများအား တွေ့ဆုံစဉ်။

ထို့နောက် ဒေသဥက္ကဋ္ဌသည် မြင်းမူး ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒေသဥက္ကဋ္ဌသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ပေးဝေ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၂၆၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၂၀၈၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၅၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၆၈၉ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။





ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၇၁ ဦး၊ ခွဲစိတ်ရောဂါ ၃၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၄ ဦး၊ အရိုးရောဂါ ၇၇ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၉၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၃၉ ဦး စုစုပေါင်း ၆၈၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ နှစ်ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက် လူနာတစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ မျက်စိအတွင်း တိမ်ရောဂါဖြင့် ကုသမှုခံယူနေသည့် လူနာများကို မျက်မှန်များ တပ်ဆင်လှူဒါန်းပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

# နေရပ်ပြန်လိုသူတွေအတွက် အဓိကအဟန့်အတားနှင့် တရားခံများ

**မြန်မာနိုင်ငံရဲ့အနောက်ခြမ်းမှာ မြန်မာတိုင်းရင်းသားတွေနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေကို အနှောင့်အယှက်ပြုတိုက်ခိုက်နေတဲ့ ARSA (အာဆာ)လို့ ခေါ်တဲ့ Arakan Rohingya Salvation Army အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းက ဒုက္ခသည်စခန်းတစ်ခုအတွင်းမှာ အာဆာအဖွဲ့ရဲ့ (၆) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတစ်ခုကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျင်းပသွားတယ်လို့ သိလိုက်ရတဲ့အခါ....**

*မိုးမြင့်*

**❍ ဖေ့စ်ဘွတ်မှာဖော်ပြထားတဲ့ ပို့စ်တစ်ခုအရဆို အာဆာလက်နက်ကိုင်အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အာတူလာအဘူဂျန်နျူနီ ကိုယ်တိုင် အောက်တိုဘာ ၉ ရက်ကို အရေးပါတဲ့နေ့တစ်နေ့အဖြစ် ဖော်ပြထားတာကို တွေ့ရပါတယ်။ တစ်ဆက်တည်း အာတူလာအကြောင်းနဲ့ အာဆာအကြောင်း အကျဉ်းမျှဖော်ပြရရင် ပါကစ္စတန်ရဲ့ အစ္စလာမ္မစ် အစွန်းရောက်တွေပေါများရာ ကရာချိမှာ သူ့ကိုမွေးဖွား ခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမှာ ကြီးပြင်းပြီး ပညာသင်ကြားခဲ့တဲ့ ဘင်္ဂါလီ လူမျိုးတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။ သူက အာဆာအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်နေပြီး အခြားသော အစ္စလာမ္မစ် အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ ရဖို့လည်း ကြိုးစားခဲ့ပါသေးတယ်**

### အာဆာရဲ့ Happy day ဆိုတာ ဘယ်လိုရည်ရွယ်ချက်လဲ

တွေးမိတာတစ်ခုက အခုလိုဆောင်ရွက်ချက်ကြောင့် ဘင်္ဂါလီတွေအနေနဲ့ မြန်မာနိုင်ငံအတွင်း နေရပ်ပြန်ဖို့ နှောင့်နှေးသွားနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ တစ်နည်းအားဖြင့် အာဆာအကြမ်းဖက် ( AA လည်းပါဝင်)တို့ရဲ့ ဟန့်တားနှောင့်ယှက်မှုတွေကြောင့် ဘင်္ဂလားနယ်ထဲက ဘင်္ဂါလီတွေအနေနဲ့ နေရပ်ပြန်ဖို့ အခက်အခဲဖြစ်သွားနိုင်တယ်ဆိုတဲ့ အချက်ကို သတိပြုမိဖို့ပါ။

မြန်မာနိုင်ငံဘက်ကတော့ ပြန်လည်လက်ခံရေး အစီအစဉ်တွေကို စနစ်တကျစီမံဆောင်ရွက်ထားပါတယ်။ အာဆာအဖွဲ့နဲ့ အာဆာထောက်ခံသူတွေဟာ "Happy Day" လို့ အမည်ပေးထားတဲ့ ဒီအထိမ်းအမှတ်ကို လူမှုကွန်ရက်စာမျက်နှာတွေမှာ အင်္ဂလိပ်လိုရေးသားဝါဒဖြန့်ပြီး ဓာတ်ပုံဗီဒီယိုတွေနဲ့ ထင်ထင်ရှားရှားဖော်ပြခဲ့ကြတယ်။ လူပ်ရှားသူတွေဟာ တီရှပ်တွေဝတ်ဆင်ပြီး ဆိုင်းဘုတ်တွေကိုင်ဆောင်၊ စာတန်းတွေ ချိတ်ဆွဲခဲ့ကြတယ်။ "October 9 is what day? Happy day, Happy day" လို့ဆိုပြီး အော်ဟစ်ခဲ့ကြတယ်။ သူတို့ကိုယ်သူတို့ ဘင်္ဂါလီတွေကို ကယ်တင်မယ့်သူတွေအဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံအစိုးရကိုတော့ အာဏာရှင်လို့ သမုတ်ခဲ့ကြတယ်။ ဒီနေ့ဒီရက်ကို ဘင်္ဂါလီတွေကို ဖိနှိပ်မှုတွေမှ လွတ်မြောက်စေတဲ့နေ့၊ ဘင်္ဂါလီဆိုတဲ့ အသိုက်အဝန်းကို ကူညီမှုပေးတဲ့ အမှတ်တရနေ့အဖြစ် ပုံဖော်လိုကြတယ်ဆိုတာ သိသာတဲ့အချက်ဖြစ်ပါတယ်။

### ဒုက္ခသည်တွေကို နေရပ်ပြန်ပို့ရေး အစီအစဉ် ထိခိုက်နိုင်

အာဆာအဖွဲ့ရဲ့ ရည်ရွယ်ချက်ကဘာလဲ၊ ဘာကို ဦးတည်ပါသလဲ။ သိရသလောက်တော့ ဘင်္ဂလားဒေ့ရှ် ကော့စ်ဘဇားဒေသတစ်ဝိုက်က ဒုက္ခသည်စခန်းတွေမှာ သူတို့အာဆာအဖွဲ့ရဲ့ တည်ရှိမှုကို ကိုယ်ထင်ရှား ဘွားခနဲပြလိုက်ခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနိုင်ငံအစိုးရတွေကို ပွင့်ပွင့်လင်းလင်းစိန်ခေါ်လိုက်ခြင်းပဲလို့ ယူဆနိုင်စရာရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ရဲတွေရဲ့ ချက်ချင်းလက်ငင်း တုံ့ပြန်ချက်အရတော့ အမှတ် (၁၀) အူခီးယားဘာလူခါလီဒုက္ခသည်စခန်းက ဒုက္ခသည်အမည်ခံ ဘင်္ဂါလီနှစ်ဦးကို ဖမ်းဆီးထားတယ်ဆိုတဲ့ ပြယုဂ်ပါပဲ။

အခြားသူတွေကိုလည်း လိုက်လံရှာဖွေဖမ်းဆီးနေကြတယ်ဆိုလေတော့ အခုလိုအထိမ်းအမှတ်တစ်ခုပြုလုပ်ခြင်းဟာ ဘင်္ဂါလီတွေကို နေရပ်ပြန်ပို့ရေး အစီအစဉ်ကို တိုက်ရိုက်ထိခိုက်နိုင်တယ်ဆိုတဲ့အချက်ကို ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့လည်း တစ်စိတ်တစ်ပိုင်း ယုံကြည်ထားတယ်ဆိုတာ ဖြစ်နိုင်လောက်ပါတယ်။

### ဘင်္ဂလားဒေ့ရှ်ပိုင်နက်ထဲမှာ အခြေစိုက်တဲ့ အာဆာ အကြမ်းဖက်

ဖေ့စ်ဘွတ်မှာဖော်ပြထားတဲ့ ပို့စ်တစ်ခုအရဆို အာဆာလက်နက်ကိုင်အဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အာတူလာအဘူဂျန်နျူနီကိုယ်တိုင် အောက်တိုဘာ ၉ ရက်ကို အရေးပါတဲ့နေ့တစ်နေ့အဖြစ် ဖော်ပြထားတာကို တွေ့ရပါတယ်။ တစ်ဆက်တည်း အာတူလာအကြောင်းနဲ့ အာဆာအကြောင်း အကျဉ်းမျှဖော်ပြရရင် ပါကစ္စတန်ရဲ့ အစ္စလာမ္မစ် အစွန်းရောက်တွေပေါများရာ ကရာချိမှာ သူ့ကိုမွေးဖွားခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမှာ ကြီးပြင်းပြီး ပညာသင်ကြားခဲ့တဲ့ ဘင်္ဂါလီလူမျိုးတစ်ဦးဖြစ်တယ်လို့ သိရပါတယ်။ သူက အာဆာအဖွဲ့ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်နေပြီး အခြားသော အစ္စလာမ္မစ် အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ရဖို့လည်း ကြိုးစားခဲ့ပါသေးတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က စတင်ဖွဲ့စည်းခဲ့တာမို့ ဒီနေ့ဒီအချိန်မှာ အာဆာအဖွဲ့ (၆) နှစ်ပြည့်အဖြစ် ကြွေးကြော်ကာ အာရကန်ရိုဟင်ဂျာကယ်တင်ရေးအမည်နဲ့ ယနေ့တိုင်လှုပ်ရှားနေတဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်နေခြင်းပါပဲ။

အစောပိုင်းကာလတွေမှာ လျှို့ဝှက်ပြီး အစည်းအဝေးကျင်းပ၊ လျှို့ဝှက်လှုပ်ရှားရတဲ့ အဖွဲ့တစ်ခုဖြစ်ခဲ့ပေမယ့် အခုအခါမှာတော့ ကော့စ်ဘဇားမှာ ပေါ်ပေါ်ထင်ထင်တည်ရှိလာတဲ့ အချက်ဟာ ဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့တော့ မျက်နှာပူစရာဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဆာအဖွဲ့ဟာ သူတို့နိုင်ငံပိုင်နက်ထဲမှာ မရှိကြောင်း ဘင်္ဂလားဒေ့ရှ်ဘက်က ယခင်အဆက်ဆက်ငြင်းပယ်ခဲ့တဲ့အတွက်ကြောင့်ပါပဲ။ အခုအတိုင်းဆိုလက်ရှိဘင်္ဂလားဒေ့ရှ်အစိုးရအနေနဲ့ အာဆာလှုပ်ရှားသူ ထောက်ခံသူတွေကို အရေးယူရမယ့်အခြေအနေမှာရှိနေပါတယ်။

### နေရပ်ပြန်လိုသူတွေ မပြန်နိုင်ဖို့ ဟန့်တားပိတ်ဆို့နေတဲ့အာဆာ

အာဆာလှုပ်ရှားသူတွေဟာ ဒုက္ခသည်စခန်းက ဘင်္ဂါလီဒုက္ခသည်တွေနဲ့လည်း ချိတ်ဆက်ထားပြီး ဒုက္ခသည်တွေကိုစည်းရုံးပြီး လူသစ်တွေစုဆောင်းထားကြတယ်လို့ သိရပါတယ်။ ဒါပေမယ့် နေရပ်ပြန်လိုတဲ့ဘင်္ဂါလီတွေအနေနဲ့တော့ အာဆာအဖွဲ့ကို မထောက်ခံကြတာများပါတယ်။ အဲဒီလိုမထောက်ခံသူတွေကိုတော့ အာဆာအဖွဲ့တွေက ဖိနှိပ်ညှဉ်းပန်းသတ်ဖြတ်တာတွေရှိတယ်လို့ ဆိုကြပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလကဆိုရင် ဘင်္ဂါလီတွေ မိမိနေရပ်ပြန်ရေး နိုင်ငံတကာက သိရှိပြီး လူသိထင်ရှားဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့ ဘင်္ဂါလီခေါင်းဆောင်တစ်ဦးနဲ့ အချို့ဒုက္ခသည်တွေဟာ အာဆာအဖွဲ့ရဲ့ ပစ်မှတ်ထားလုပ်ကြံသတ်ဖြတ်ခံရတဲ့အထိ ဖြစ်ခဲ့ဖူးပါတယ်။ သတင်းတွေအရဆို အာဆာအကြမ်းဖက်အဖွဲ့ဝင်တွေဟာ မြန်မာပိုင်နက်ထဲဝင်ပြီး အကြမ်းဖက်အလုပ်တွေလုပ်၊ တပ်ဖွဲ့ဝင်တွေကို ချောင်းမြောင်းပစ်ခတ်၊ နယ်စပ်ခြံစည်းရိုးတွေကို ချိုးဖဲ့ဖျက်ဆီး၊ မူးယစ်ဆေးဝါးရောင်းချတာတွေလုပ်လေ့ရှိကြလို့ မြန်မာနယ်ခြားစောင့်တပ်ဖွဲ့တွေနဲ့ မကြာခဏတိုက်ပွဲဖြစ်တာတွေ၊ အဖမ်းခံရတာတွေရှိပါတယ်။

အဖမ်းခံရသူတချို့ရဲ့ ထွက်ဆိုချက်အရဆိုရင် သူတို့ဟာ အာဆာက စည်းရုံးလို့ အာဆာအဖွဲ့ဝင်ဖြစ်ခဲ့ရပြီး အကြမ်းဖက်သင်တန်းတွေ တက်ရကြောင်း၊ မြန်မာနိုင်ငံထဲပြန်မဝင်ဖို့နဲ့ ပြန်ဝင်ရင် ပစ်သတ်ခံရမယ်လို့ ခြိမ်းခြောက်ခံရပြီး မြန်မာနိုင်ငံထဲ ပြန်မဝင်ရဲကြောင်း၊ နှစ်နိုင်ငံပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေကို တိတိကျကျမသိရှိရတဲ့အပြင် ဒုက္ခသည်တွေပြန်မယ့်အရေးလည်း ဘာမှမသိရှိရကြောင်း၊ အကြမ်းဖက်သင်တန်းတွေအတွက် လိုအပ်တဲ့ရိက္ခာပစ္စည်းတွေကို ဆော်ဒီအာရေဗျ၊ မလေးရှား၊ ထိုင်းတို့မှ လူမှုရေးအဖွဲ့အစည်းတွေက ထောက်ပံ့ပေးကြောင်း၊ ဒုက္ခသည်ဘင်္ဂါလီအမျိုးသမီးတွေကိုလည်း စော်ကားမော်ကားပြုလုပ်ကြကြောင်း စသည်ဖြင့် အဖမ်းခံရသူတွေ ပြန်ပြောပြတဲ့ အာဆာရဲ့ မကောင်းသတင်းများစွာကို သိရှိကြရပါတယ်။

### ၂၀၁၆၊ ၂၀၁၇ အာဆာအဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများ

အာဆာအဖွဲ့ဟာ အင်မတန်ကောက်ကျစ်တဲ့ အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်အဖွဲ့တစ်ခုပါပဲ။ အကြမ်းဖက်အဖွဲ့တစ်ခုအဖြစ် ၂၀၁၇ ခုနှစ် ဩဂုတ်လကတည်းက သတ်မှတ်ခံထားရပြီးဖြစ်ပါတယ်။ အဲဒီအချိန်၊ အဲဒီကာလမှာ အာဆာအဖွဲ့ဟာ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်တွေရှိ ရဲကင်းစခန်း ၃၀ နဲ့ တပ်မတော်ဌာနချုပ်စခန်းတစ်ခုကို အင်အားအလုံးအရင်းနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်တဲ့အတွက် ရဲတပ်ဖွဲ့ဝင်၊ တပ်မတော်သားနဲ့ လဝကအရာရှိတွေ သေဆုံးခဲ့ကြရပါတယ်။

၎င်းအကြမ်းဖက်ဖြစ်စဉ်မှာ အာဆာအဖွဲ့ဟာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို သတ်ဖြတ်ခဲ့ကြတဲ့အပြင် ဒေသခံဟိန္ဒူဘာသာဝင်တွေကိုလည်း အကြောင်းမဲ့ သတ်ဖြတ်ခဲ့ကြတဲ့အတွက် အသတ်ခံရသူ အမျိုးသား အမျိုးသမီး၊ ကလေးသူငယ်ပေါင်း ၁၀၀ ခန့်အထိရှိခဲ့ပါတယ်။ မြေကျင်းတွေမှာ မြှုပ်နှံထားတဲ့ အလောင်းတွေ တူးဖော်ရရှိခဲ့တဲ့ဖြစ်စဉ်တွေလည်း ရှိခဲ့ပါတယ်။ ပါဝင်တိုက်ခိုက်ခဲ့တဲ့ အာဆာအဖွဲ့တွေဟာ အရပ်ဝတ် အဝတ်အစားပဲ ဝတ်ဆင်ပြီး လက်နက်မရှိတဲ့ရွာသားတွေကို ကြိုတင်စည်းရုံး၊ ရွာသားတွေနဲ့ရောနှောပြီးမှ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာလကလည်း အာဆာအဖွဲ့ဟာ မောင်တောမြို့နယ် အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)နဲ့ ငါးခူရနယ်မြေရဲစခန်း၊ ရသေ့တောင် ကိုးတန်ကောက်ရဲစခန်းတွေကို အကြမ်းဖက်ဝင်ရောက်တိုက်ခဲ့ပါသေးတယ်။ ရဲတပ်ဖွဲ့ဝင်တွေ ကျဆုံးပြီး မြို့တိုင်းရင်းသားတွေ သတ်ဖြတ်ခံခဲ့ကြရပါတယ်။ ပျောက်ဆုံးတိုင်းရင်းသားတွေ ရှိခဲ့ပါတယ်။

နောက်ပိုင်းမှာလည်း မြန်မာပိုင်နက်ထဲ မကြာခဏကျူးကျော်ဝင်ရောက်ပြီး မြန်မာတပ်ဖွဲ့ဝင်တွေနဲ့ တိုက်ပွဲတွေဖြစ်လေ့ရှိပါတယ်။ အခုနှစ် နိုဝင်ဘာလမှာတင် တစ်ကြိမ်ဖြစ်ခဲ့ပါသေးတယ်။ မိမိပိုင်နက်ထဲ ပြောင်ပြောင်တင်းတင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်သလို ခိုးကြောင်ခိုးဝှက်လည်း ခိုးဝင်ကြတဲ့အတွက် မကြာခဏ ဖမ်းဆီးရမိတာတွေ ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ဘင်္ဂါလီတွေဟာ မြန်မာနိုင်ငံထဲကို အများအပြား မကြာခဏခိုးဝင်နေကြတဲ့အချက်ကို ကြည့်ရင် မြန်မာနိုင်ငံဟာ ဘင်္ဂါလီတွေကို ဖိနှိပ်နေတယ်၊ မြန်မာနိုင်ငံဟာ လူ့အခွင့်အရေး စံချိန်မမီလို့ နေချင်စရာမကောင်းဘူး၊ မလုံခြုံဘူး၊ နိုင်ငံသားဖြစ်ခွင့်လည်း ရနိုင်မှာမဟုတ်ဘူးဆိုတဲ့ အာဆာတို့ရဲ့ ဘင်္ဂါလီတွေ မြန်မာနိုင်ငံထဲပြန်မသွားနိုင်အောင် စည်းရုံးလှုံ့ဆော်မှုတွေနဲ့ စွပ်စွဲချက်တွေဟာ လက်တွေ့ဖြစ်ပျက်နေတဲ့ ခိုးဝင်အခြေအနေတွေနဲ့ ဆန့်ကျင်ဘက်တွေဖြစ်နေတာ မြင်တွေ့ရပါလိမ့်မယ်။ *စာမျက်နှာ ၁၁ သို့*

**"အဖမ်းခံရသူတချို့ရဲ့ ထွက်ဆိုချက်အရဆိုရင် သူတို့ဟာ အာဆာကစည်းရုံးလို့ အာဆာအဖွဲ့ဝင် ဖြစ်ခဲ့ရပြီး အကြမ်းဖက်သင်တန်းတွေ တက်ရကြောင်း၊ မြန်မာနိုင်ငံထဲ ပြန်မဝင်ဖို့နဲ့ ပြန်ဝင်ရင် ပစ်သတ်ခံရမယ်လို့ ခြိမ်းခြောက်ခံရပြီး မြန်မာနိုင်ငံထဲ ပြန်မဝင်ရဲကြောင်း၊ နှစ်နိုင်ငံ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို တိတိကျကျ မသိရှိရတဲ့အပြင် ဒုက္ခသည်တွေပြန်မယ့်အရေးလည်း ဘာမှမသိရှိရကြောင်း၊ အကြမ်းဖက်သင်တန်းတွေအတွက် လိုအပ်တဲ့ရိက္ခာပစ္စည်းတွေကို ဆော်ဒီအာရေဗျ၊ မလေးရှား၊ ထိုင်းတို့မှ လူမှုရေးအဖွဲ့အစည်းတွေက ထောက်ပံ့ပေးကြောင်း၊ ဒုက္ခသည် ဘင်္ဂါလီအမျိုးသမီးတွေကိုလည်း စော်ကားမော်ကားပြုလုပ်ကြကြောင်း စသည်ဖြင့် အဖမ်းခံရသူတွေ ပြန်ပြောပြတဲ့ အာဆာရဲ့ မကောင်းသတင်းများစွာကို သိရှိကြရပါတယ်"**

# သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းဖွင့်

**မော်လမြိုင် နိုဝင်ဘာ ၁၃**

မွန်ပြည်နယ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်း သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြား နိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်း (ပြည်နယ်အဆင့်) သင်တန်းကို မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာ အထက်ကျောင်း ရတနာမွန်ခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ဖွင့်လှစ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ တက်ရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၏ အခြေခံပညာရေးကဏ္ဍ အရည်အသွေး တိုးတက်မြင့်မားရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာ အထက်တန်းအဆင့် သိပ္ပံဘာသာရပ် သင်ရိုးညွှန်းတမ်းတွင် သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့သင်ကြားမှုကို နည်းစနစ်မှန်ကန်စွာ သင်ကြားပို့ချပေးနိုင်ရန်နှင့် ဘာသာရပ်သင် ဆရာ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်တန်းလက်စွဲပါ သိပ္ပံလက်တွေ့သင်ခန်းစာများကို လေ့လာဆည်းပူးကာ ကျောင်းသား ကျောင်းသူများအား ထိရောက်စွာ ပြန်လည်သင်ကြားပေးနိုင်ရန်နှင့် ဘက်စုံလွှမ်းခြုံနိုင်သည့် ပညာရေးအခန်းကဏ္ဍကို ဖော်ဆောင်ပေးနိုင်ရန် ဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က အခြေခံပညာအထက်တန်းအဆင့်တွင် သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်ပညာရေးမှူး ဒေါက်တာချိုချို မြတ်အောင်က သင်တန်းရေးရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်၍ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့ သရုပ်ပြသင်ကြားပြသနေမှုကို ကြည့်ရှုအားပေးခဲ့သည်။



**ခင်စန်းမြင့် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

### အာဆာရဲ့ စည်းရုံးခြိမ်းခြောက်မှုအောက်က ဘင်္ဂါလီတွေ

တကယ်က အာဆာအကြမ်းဖက်အဖွဲ့ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနယ်ကို တိုက်ခိုက်သိမ်းပိုက်ပြီး ဘင်္ဂါလီပြည်နယ် တည်ထောင်ဖို့ အိပ်မက်မက်နေတာပါ။ ဒါကြောင့်လည်း ဘင်္ဂါလီတွေအနေနဲ့ နိုင်ငံသားဖြစ်ခွင့်မရရင် မြန်မာနိုင်ငံထဲပြန်မသွားဖို့ အာဆာရဲ့စည်းရုံးသိမ်းသွင်းတာ၊ ဒုက္ခသည်ခေါင်းဆောင်တွေကို ပြန်လည်လွှဲပြောင်းရေးအစီအစဉ်တွေမှာ မပါဝင်ကြဖို့ ခြိမ်းခြောက်တာတွေကို ခံနေရတာဖြစ်ပါတယ်။

ပြန်လည်ဝင်ရောက်လာမယ့်သူတွေ အရေး၊ တစ်ဖက်နိုင်ငံက ဒုက္ခသည်တွေကို နေရပ်ပြန်လည်လက်ခံရေး မြန်မာနိုင်ငံအစိုးရရဲ့ ဆောင်ရွက်ချက်တွေဟာ ဘယ်လိုခြေလှမ်း လှမ်းနေလှမ်းနေ အချို့ဘင်္ဂါလီခေါင်းဆောင်တွေကိုယ်တိုင် မယုံကြည်၊ လက်မခံနိုင်ဖြစ်နေကြတာကိုလည်း သတိပြုမိပါတယ်။ အမှန်တော့ ဒီလိုခေါင်းဆောင်တွေရဲ့ အနေအထားကိုလေ့လာရင် သူတို့ဟာ အာဆာကြိုးဆွဲတာခံနေရပြီး အာဆာစည်းရုံးမှုအောက်ရောက်နေသူတွေပဲဖြစ်နေတယ်ဆိုတာ တွေ့ရပါတယ်။ အာဆာအဖွဲ့ဟာ တရားမဝင်မူးယစ်ဆေးဝါးအဖွဲ့တွေနဲ့လည်း ချိတ်ဆက်မှုရှိနေတဲ့အတွက် ဘင်္ဂါလီဒုက္ခသည်တွေရဲ့ဘဝဟာ မလုံခြုံကြောက်ရွံ့နေကြရပါတယ်။

### ARSA နဲ့ AA ပူးပေါင်းမိနေသလား

အာဆာ (ARSA) အကြမ်းဖက်အဖွဲ့ ရခိုင်ပြည်နယ်ထဲ ကျူးကျော်နေတဲ့အရေးမှာ အာဆာအပြင် AA (Arakan Army) အာရကန်အာမီအဖွဲ့ တစ်ခုဟာလည်း မပါမဖြစ်ပါ။ အခုနှစ် စက်တင်ဘာ ၁၆/၁၇ ရက်တွေမှာ ဘင်္ဂလားဒေ့ရှ်ပိုင်နက်ထဲ ကျည်တွေကျရောက်ပေါက်ကွဲတဲ့ ဖြစ်စဉ်တစ်ခုမှာ ဆိုရင် AA နဲ့ ARSA အဖွဲ့တို့ ပူးပေါင်းပစ်ခတ်လိုက်တဲ့အတွက် ဖြစ်ရခြင်းဖြစ်တယ်ဆိုတဲ့အချက်ကို မြန်မာဘက်က ပြန်လည်ရှင်းလင်းပြောဆိုခဲ့ရပါတယ်။

AA အဖွဲ့အနေနဲ့ စစ်ရေး၊ စီးပွားရေးအကျိုးအမြတ်ရှိမယ်ဆိုရင် သူ့လူမျိုး၊ သူ့နယ်မြေကိုပင် တိုင်းတစ်ပါးသားတို့လက် ဝကွက်အပ်မယ့်သဘောပါပဲ။ AA လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တွေကတော့ သူတို့ AA နဲ့ အာဆာအဖွဲ့ကြားမှာ ဘယ်လိုဆက်ဆံမှုမျိုးမှမရှိဘူးလို့ ပြောတာပါပဲ။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းမှာကတည်းက မြန်မာ့တပ်မတော်ကို တိုက်ခိုက်ဖို့ AA နဲ့ အာဆာအကြား ဗျူဟာမြောက်နားလည်မှုတွေ ရှိခဲ့တယ်ဆိုတဲ့

> ❖ **AA အဖွဲ့အနေနဲ့ စစ်ရေး၊ စီးပွားရေး အကျိုးအမြတ်ရှိမယ်ဆိုရင် သူ့လူမျိုး၊ သူ့နယ်မြေကိုပင် တိုင်းတစ်ပါးသားတို့လက် ဝကွက်အပ်မယ့်သဘောပါပဲ။ AA လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်တွေကတော့ သူတို့ AA နဲ့ အာဆာအဖွဲ့ကြားမှာ ဘယ်လိုဆက်ဆံမှုမျိုးမှမရှိဘူးလို့ ပြောတာပါပဲ။ ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်ဆန်းပိုင်းမှာကတည်းက မြန်မာ့တပ်မတော်ကို တိုက်ခိုက်ဖို့ AA နဲ့ အာဆာအကြား ဗျူဟာမြောက်နားလည်မှုတွေရှိခဲ့တယ်ဆိုတဲ့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ထောက်လှမ်းရေး အချို့သတင်းတွေအပြင် AA ခေါင်းဆောင်က ရိုဟင်ဂျာတွေရဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံသားဖြစ်ခွင့်ကို အသိအမှတ်ပြုပါတယ်လို့ ဆိုထားနေလေတော့ ထိုအချက်ကို မီးမောင်းထိုးပြနေတာက ရခိုင်အမည်တပ်ထားတဲ့ AA နဲ့ အာဆာတို့အကြား တိုက်ပွဲတွေ လုံးဝဖြစ်ပွားခဲ့မှု မရှိခြင်းဘဲ ဖြစ်ပါတယ်**

အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ထောက်လှမ်းရေး အချို့သတင်းတွေအပြင် AA ခေါင်းဆောင်က ရိုဟင်ဂျာတွေရဲ့လူ့အခွင့်အရေးနဲ့ နိုင်ငံသားဖြစ်ခွင့်ကို အသိအမှတ်ပြုပါတယ်လို့ ဆိုထားနေလေတော့ ထိုအချက်ကို မီးမောင်းထိုးပြနေတာက ရခိုင်အမည်တပ်ထားတဲ့ AA နဲ့ အာဆာတို့အကြား တိုက်ပွဲတွေ လုံးဝဖြစ်ပွားခဲ့မှုမရှိခြင်းဘဲ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံဘက်က လုပ်ဆောင်ချက်နဲ့ အခြားတစ်ဖက်ရဲ့အနေအထား

မြန်မာနိုင်ငံအနေနဲ့တော့ နှစ်နိုင်ငံသဘောတူညီချက်နဲ့အညီ မိမိနိုင်ငံမှာ နေထိုင်ခဲ့ကြောင်း အထောက်အထားတွေကို စိစစ်ပြီး ပြန်လည်လက်ခံရေးစခန်းနှစ်ခုနဲ့ ကြားစခန်းတစ်ခုမှာ ပြန်လည်လက်ခံသွားမှာဖြစ်သလို ကုန်းလမ်းကပဲလာလာ၊ ရေလမ်းကပဲလာလာ ပြန်လည်ဝင်ရောက်လာသူတွေကို ကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ရပ်နဲ့အတူ ကြိုဆိုလက်ခံဖို့ စီစဉ်ထားရှိပြီးလည်း ဖြစ်ပါတယ်။

ယခင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လတွေကတည်းက စိစစ်ပြီးသားနေရပ်စွန့်ခွာသူတွေကို မိမိဘက်က ပြန်လည်လက်ခံဖို့ စီစဉ်ထားပြီးဖြစ်ပေမယ့်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က အကြောင်းလည်းမပြန်၊ ပြန်လည်မစေလွှတ်နိုင်ခဲ့လို့သာ အခုအချိန်အထိ ကြန့်ကြာနေရခြင်းဖြစ်ပါတယ်။ ယင်းကာလကတည်းက အထမမြောက်ခဲ့တဲ့ အခြေအနေအရပ်ရပ်အားလုံးကို ပြန်ပြောင်းအမှတ်ရကြစေလိုပါတယ်။

တကယ်တမ်းက ဒုက္ခသည်တွေ ပြန်လည်လက်ခံမယ့်အရေးဟာ တစ်ဖက်နိုင်ငံက ပြန်ပို့နိုင်မယ့်အခြေအနေပေါ်မှာသာ မူတည်ပါတယ်။ သူတို့ဘက်က ပြန်ပို့မယ့် ဒုက္ခသည်စာရင်းဇယားတောင် ဒီဘက်ကို ပေးနိုင်တဲ့အခြေအနေမှာ မရှိသေးပါဘူး။ မြန်မာဘက်ကတော့ ယခင်နှစ်ဒီဇင်ဘာလလောက်ကတည်းကစပြီး နှစ်ဖက်သဘောတူစာချုပ်နဲ့အညီ ပြန်လည်လက်ခံနိုင်ဖို့ ပြည်ထောင်စုအဆင့်ဝန်ကြီးတွေ နေရပ်ပြန်သူတွေကို လက်ခံမယ့်စခန်းတွေကို သွားရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် စတင်လှုပ်ရှားနေခဲ့ပြီးလည်းဖြစ်ပါတယ်။

**တစ်ဖက်နိုင်ငံက ပြန်လာလိုသူတွေကို လက်ခံဖို့ မိမိဘက်က အဆင်သင့်ဖြစ်နေသလို ၁၉၈၂ နိုင်ငံသားဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရှိသူ အားလုံး နိုင်ငံသားဖြစ်ခွင့်ပေးဖို့လည်း လုပ်ဆောင်ချက်တွေ ရှိပြီးဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံအနေနဲ့က ပြန်လည်ပို့ဆောင်သင့်သူတွေကို ပြန်ပို့ရမယ့်အစား OIC ရဲ့အင်အားကိုယူပြီး ကမ္ဘာ့ပတ်၊ UNနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပေါင်းပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ နိုင်ငံရေး ဖိအားအမျိုးမျိုးပေးဖို့သာ ကြိုးစားနေတဲ့အချက်က သူတို့ရဲ့ဘင်္ဂါလီတွေအရေး သူတို့ကိုယ်တိုင် လျစ်လျူရှုစိတ်မဝင်စားခြင်းပဲလို့ ယူဆမိပါတယ်။**

ဒီလိုယူဆလာခဲ့ရင်လည်း ငြင်းဆန်ဖို့ အင်အားရှိကြမှာမဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံအဖွဲ့အစည်းတွေအနေနဲ့လည်း ပြဿနာကို မျှတစွာနဲ့ လက်တွေ့ကျကျချဉ်းကပ်ပြီး ကူညီပံ့ပိုးပေးဖို့ လိုအပ်မှာဖြစ်သလို တစ်ဖက်သတ်ဖိအားပေးအပြစ်တင်၊ အရေးယူပိတ်ဆို့ စွပ်စွဲစီရင်မယ်ဆိုတာချည်း လုပ်နေရုံနဲ့တော့ ပြဿနာရဲ့အဖြေက ရလာမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ဖို့ လိုအပ်နေပါတယ်။

သုံးသပ်ရရင်တော့ တစ်ဖက်နိုင်ငံက ဘင်္ဂါလီတွေ အထောက်အထားနဲ့တကွ နေရပ်ပြန်လာနိုင်ရေး အဟန့်အတားဖြစ်နေရခြင်းရဲ့ တရားခံဟာ ဘယ်သူများပါလဲ။ အချက်အလက်နဲ့တကွ ရှင်းရှင်းလင်းလင်းသိနေရပြီဖြစ်ပါတယ်။ အာဆာအဖွဲ့ဟာ သူတို့ဘင်္ဂါလီအရေးကို ပါးစပ်လေးနဲ့သာ စာနာပြနေတာဖြစ်ပြီး လက်တွေ့မှာတော့ ထိရောက်တဲ့ အကူအညီပေးနိုင်ပုံမရဘဲ သူတို့ရဲ့အဓိကပန်းတိုင်ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ အာရကန်ရိုဟင်ဂျာနယ်မြေတစ်ခု တည်ထောင်နိုင်ရေးပဲဖြစ်မယ်ဆိုတဲ့အယူအဆဟာ သေချာသထက် သေချာလာနေပါတယ်။

အာဆာနဲ့ AA တို့အနေနဲ့ နှစ်ဖက်နယ်ခြားမှာ ဟိုဘက်ဒီဘက် ကူးချည်သန်းချည်နဲ့ အဖျက်လုပ်ရပ်တွေကို တွင်တွင်လုပ်ရင်းနဲ့ပဲ နှစ်နိုင်ငံအကြား အထင်အမြင်လွဲအောင် တမင်ပြုမူနေသလိုလည်းဖြစ်နေပါတယ်။ ထိုအချက်တွေကို မြန်မာပြည်သူတွေအနေနဲ့ ရှင်းရှင်းလင်းလင်းသိစေလိုတဲ့ ဆန္ဒအမှန်နဲ့ တင်ပြရခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကတော့ နေရပ်ပြန်လိုသူတွေရဲ့ ပြန်လာနိုင်မယ့်အခွင့်အရေးကို လျစ်လျူရှုထားခြင်းမရှိပါဘူး။ မိမိတို့မြန်မာနိုင်ငံဘက်က စနစ်တကျဆောင်ရွက်မှုတွေ၊ အပြုသဘောတုံ့ပြန်မှုတွေနဲ့ သဘောထားအမြင်တွေကို နိုင်ငံတကာအနေနဲ့ လျစ်လျူရှုထားတာကိုသာ ဝမ်းနည်းဖွယ်ရာအဖြစ် မြင်တွေ့နေရပါတယ်။

မြန်မာနိုင်ငံအနေနဲ့က ပြဿနာကို တာဝန်ယူမှု တာဝန်ခံမှုအပြည့်နဲ့ ငြိမ်းချမ်းစွာ ဖြေရှင်းလိုတဲ့သဘောထားရှိပြီးသားဖြစ်ပါတယ်။ အဓိကအချက်က အာဆာအကြမ်းဖက်တွေက နိုင်ငံရေးကို စစ်ရေးထွက်ပေါက်ဖန်တီးပြီး မိမိနယ်မြေထဲကို နောက်ထပ် ဝင်ရောက်ကျူးကျော်မတိုက်ခိုက်နိုင်ရေးအတွက် လိုအပ်ချက်တွေကို ကြိုတင်စီမံဆောင်ရွက်ထားရမယ့်အပြင် သက်ဆိုင်ရာနယ်မြေအတွင်းမှာ ရှိနှင့်ပြီးဖြစ်တဲ့ အခြားအခြားသောလူမျိုးစုတွေ၊ မတူကွဲပြားတဲ့ဘာသာဝင်တွေနဲ့ မူရင်းတိုင်းရင်းသားတွေရဲ့ ဘဝလုံခြုံရေးနဲ့ ဘေးအန္တရာယ်မကျရောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ သာယာဝပြောရေးအတွက်ကို အလေးအနက်ထား ထည့်သွင်းစဉ်းစားဖို့ဆိုတဲ့အချက်တွေကို မေ့လျော့ထားလို့ မရပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ဂျပန်နိုင်ငံဝန်ကြီးချုပ်၊ အမေရိကန်သမ္မတ၊ တောင်ကိုရီးယားသမ္မတတို့ သုံးပွင့်ဆိုင်တွေ့ဆုံ

ဖနောင်ပင် နိုဝင်ဘာ ၁၃

**ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်တို့နှင့် တွေ့ဆုံကြကြောင်း အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြသည်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် အမေရိကန်သမ္မတနှင့် တောင်ကိုရီးယားသမ္မတတို့နှင့် သုံးပွင့်ဆိုင် တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကတိပြုပြောဆိုသည်။**



တောင်ကိုရီးယားသမ္မတ ယွန်၊ အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါတို့ကို တွေ့ရစဉ်။

စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ရသော်လည်း အဆိုပါနိုင်ငံများသည် ယခင်ကထက်ပိုမိုလိုက်လျော ညီထွေရှိပြီး ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ရန် ပိုမိုပြင်ဆင်ထားကြောင်း အမေရိကန်သမ္မတ ဘိုင်ဒင်က ပြောကြားသည်။


တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးမှတစ်ဆင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာမည်ဟု မျှော်လင့်မိကြောင်း တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အပန်းဖြေဥယျာဉ်သို့ အမျိုးသမီးများ လာရောက်လည်ပတ်ခွင့် တာလီဘန် ပိတ်ပင်

**ကဘူးလ် နိုဝင်ဘာ ၁၃**

ကဘူးလ်မြို့ရှိ အပန်းဖြေဥယျာဉ်သို့ အမျိုးသမီးများ လာရောက်လည်ပတ်ခွင့်ကို တာလီဘန်တို့ ပိတ်ပင်တားဆီးခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။ အမျိုးသမီးများ၏ အခွင့်အရေးကို တာလီဘန်တို့က နောက်တစ်ကြိမ်ထပ်၍ တားဆီးလိုက်ခြင်းပင်ဖြစ်သည်။



ကဘူးလ်မြို့ ပန်းခြံတွင် စောင့်ကြပ်နေသည့် တာလီဘန် တိုက်ခိုက်ရေးသမားတစ်ဦးကို တွေ့ရစဉ်။

အာဖဂန်နစ္စတန်ရှိ ပြည်သူများ အစ္စလာမ္မာစ်ဥပဒေများကို လိုက်နာခြင်းရှိမရှိ စောင့်ကြည့်နေကြောင်း တာလီဘန်တို့၏ ဘာသာရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အဆိုပါကန့်သတ်မှုမှာ ယခုလအတွင်း စတင်အသက်ဝင်လာမည် ဖြစ်သည်။

ကလေးငယ်များနှင့် မိသားစုဝင်များပါလျှင်ပင် အမျိုးသမီးများ အပန်းဖြေဥယျာဉ်အတွင်းသို့ ဝင်ခွင့်ရမည် မဟုတ်ဟုဆိုသည်။ အပန်းဖြေဥယျာဉ်အတွင်း အမျိုးသမီးများ မလျော်မကန်ဝတ်ဆင်မှုများ လတ်တလောတွင် ဖြစ်ပွားနေသည့်အတွက် ယခုလိုလုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ၎င်းက အကြောင်းပြထားသည်။ အဆိုပါ ပိတ်ပင်တားမြစ်မှုကြောင့် ကဘူးလ်မြို့လယ်ရှိ အပန်းဖြေဥယျာဉ်သို့ လာရောက်လည်ပတ်သူများမှာ သိသိသာသာ ကျဆင်းသွားသည်။ စနေနေ့တွင် အဆိုပါဥယျာဉ်မှာ ခြောက်ကပ်နေပြီး စက်များလည်း မလည်ပတ်တော့ချေ။

ဒေသခံ အမျိုးသမီးကမူ ယင်းသို့ပိတ်ပင်မှုအတွက် မပျော်ရွှင်ရကြောင်း ပြောသည်။ အမျိုးသမီးများသည်လည်း အမျိုးသားများကဲ့သို့ လာရောက်လည်ပတ်ခွင့်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ အဆိုပါပိတ်ပင်မှုကိုမကြာမီ ဖယ်ရှားပေးရန် လိုလားကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန် လေကြောင်းပြပွဲတွင် ခေတ်ဟောင်းစစ်လေယာဉ်နှစ်စင်း တိုက်မိ

**တက္ကဆက် နိုဝင်ဘာ ၁၃**

ဒုတိယကမ္ဘာစစ်ကာလက အသုံးပြုခဲ့သည့် စစ်လေယာဉ်နှစ်စင်းမှာ အမေရိကန်တောင်ပိုင်း တက္ကဆက်ပြည်နယ် လေကြောင်းပြပွဲတွင် ပျံသန်းပြသစဉ် တိုက်မိကာ ပျက်စီးသွားခဲ့သည်ဟု သိရသည်။

လေယာဉ်ပေါ်တွင် လိုက်ပါသွားသူ အရေအတွက်ကို မသိရသေးချေ။ ထို့ပြင် သေဆုံးသွားသည့် အရေအတွက်ကိုလည်း မသိရသေးချေ။ ပြည်နယ်အတွင်းရှိ ဒါးလက်စ်လေဆိပ်တွင် ဘီ-၁၇ ဗုံးကြဲလေယာဉ်နှင့် ပီ-၆၃ တိုက်လေယာဉ်တို့ နိုဝင်ဘာ ၁၂ ရက်က တိုက်မိပြီး ပျက်စီးသွားခြင်းဖြစ်သည်။ လေယာဉ်နှစ်စင်းလုံး မီးလောင်ပျက်စီးသွားခဲ့သည်ဟု သိရသည်။

ဘီ-၁၇ ဗုံးကြဲလေယာဉ်တွင် လူလေးဦးမှ ငါးဦးအထိ လိုက်ပါလေ့ရှိပြီး ပီ-၆၃ တွင်မူ လေယာဉ်မှူး တစ်ဦးသာ လိုက်ပါလေ့ရှိသည်။ လေကြောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံဘေးကင်းရေးဘုတ်အဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည်။



လေယာဉ် မီးလောင် ပျက်စီး နေသည်ကို တွေ့ရစဉ်။

လေယာဉ်ပေါ်မှ လူမည်မျှ သေဆုံးသည်ကို အတိအကျ မသိရသေးသော်လည်း မြေပြင်မှ လူတစ်ဦးတစ်ယောက်မှ သေဆုံးခြင်း မရှိကြောင်း ဒါးလက်စ်မြို့တော်ဝန် အဲရစ်ဂျွန်ဆင်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အီသီယိုးပီးယား၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စများလုပ်ဆောင်ရန် ပဋိပက္ခဖြစ်နေသည့် နှစ်ဖက်စလုံးက ခွင့်ပြု

**အဒစ္စအာဘာဘာ နိုဝင်ဘာ ၁၃**

အီသီယိုးပီးယားအစိုးရမှ အဆင့်မြင့်တပ်မှူးကြီးများနှင့် တီဂရစ်ပြည်သူ့လွတ်မြောက်ရေးတပ်ဦးတို့သည် ပဋိပက္ခဖြစ်ပွားနေသည့် နိုင်ငံမြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များလုပ်ဆောင်ရန် ခွင့်ပြုပေးခဲ့ကြောင်း အာဖရိကသမဂ္ဂက နိုဝင်ဘာ ၁၂ ရက်တွင် ပြောသည်။

တီဂရစ်ဒေသနှင့် အိမ်နီးချင်းဒေသတို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်မြှင့်တင်ရန်အတွက် နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြသည်ဟု အာဖရိက သမဂ္ဂက သတင်းထုတ်ပြန်ခဲ့သည်။ အကူအညီပေးရေးလုပ်သားများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများ လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးအာမခံချက်ပေးရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် လက်နက်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန်လည်း နှစ်ဖက်စလုံး သဘောတူခဲ့သည်။

**ဆင်ဟွာ**



## မုန်တိုင်းကြောင့် တောင်သြစတြေးလျပြည်နယ်၌ လူပေါင်းသောင်းနှင့်ချီ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်

**ကင်ဘာရာ နိုဝင်ဘာ ၁၃**

တောင်သြစတြေးလျပြည်နယ်၌ ပြင်းထန်သည့် မိုးသက်မုန်တိုင်း တိုက်ခတ်ပြီးနောက် သောင်းနှင့်ချီသည့် ပြည်သူများမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ ရှိပြီး ရုတ်တရက် ရေကြီးမှုများနှင့်ကြုံတွေ့ကာ စနေနေ့တွင် မိုးကြိုးပစ်မှု ၄၂၃၀၀၀ ကျော်ရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။ တနင်္ဂနွေနေ့နံနက်အထိ လျှပ်စစ်ဓာတ်အားပြတ်တောက်သဖြင့် SA Power ဝယ်ယူသူ ၇၆၀၀၀ ခန့်ရှိသည်။ ပြည်နယ်အရေးပေါ် ဝန်ဆောင်မှု(အက်စ်အီးအက်စ်)သည် စနေနေ့နှင့် တနင်္ဂနွေနေ့ နံနက်အတွင်း အကူအညီတောင်းခံမှု ၁၀၀၀ ကျော် လက်ခံရရှိကြောင်း သိရသည်။ မုန်တိုင်းငယ်သည် အက်ဒီလိတ်ဟေးလ်ဒေသသို့ ဝင်ရောက်တိုက်ခတ်သဖြင့် သစ်ပင်များလဲပြီး အိမ်များပျက်စီးခဲ့ကြောင်း သိရသည်။ တောင်သြစတြေးလျပြည်နယ် အက်ဒီလိတ်မြို့၌ တနင်္ဂနွေနေ့တွင် မုန်တိုင်းပျက်ပြယ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**



## တရုတ်နိုင်ငံသို့ လာမည့်နှစ် အစောပိုင်းတွင် ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာ သွားမည်

**မနီလာ နိုဝင်ဘာ ၁၃**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် လာမည့်နှစ်အစောပိုင်းတွင် တရုတ်နိုင်ငံသို့ ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတသည် ဇန်နဝါရီ ၃ ရက်တွင် တရုတ်နိုင်ငံ ခရီးစဉ်စတင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက်တွင် သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မားကို့စ်သည် ပြဿနာများကို ညှိနှိုင်းဆွေးနွေးအဖြေရှာရန် အကြိမ်ကြိမ်တောင်းဆိုမှု ပြုလုပ်ထားသည်ဟု ဆိုသည်။ ထို့အပြင် ၎င်းသည် တောင်တရုတ်ပင်လယ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးကို ပူးတွဲလုပ်ဆောင်ရန်အလို့ငှာ တရုတ်နိုင်ငံနှင့် ဆွေးနွေးပွဲများ ပြန်လည်စတင်ရန်လည်း အကြံပြုထားသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်အာကာသ ဒရုန်းယာဉ်တစ်စင်း အာကာသထဲတွင် ၉၀၈ ရက်ကြာပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်လာ

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်စစ်ဘက်ဆိုင်ရာ အာကာသဒရုန်းယာဉ်တစ်စင်းသည် အာကာသထဲတွင် နှစ်နှစ်ခွဲနီးပါးကြာ ပျံသန်းပြီးနောက် နိုဝင်ဘာ ၁၂ ရက်က ဖလော်ရီဒါရှိ ကနေဒီအာကာသစင်တာသို့ ပြန်လည်ဆင်းသက်လာကြောင်း ဘိုးရင်းကုမ္ပဏီက ပြောသည်။

၂၀၁၀ ပြည့်နှစ်က ပထမဆုံးအကြိမ် ပျံသန်းမှုပြုလုပ်နိုင်ခဲ့သော မောင်းသူမဲ့ X-37B လွန်းပြန်ယာဉ်သည် ယခုအခါ အာကာသထဲတွင် စုစုပေါင်း ၁၀ နှစ်ကျော် ပျံသန်းမှုပြုလုပ်ထားပြီးဖြစ်ကြောင်းနှင့် မစ်ရှင်ခြောက်ခုအတွင်း မိုင်ပေါင်း ၁ ဒသမ ၃ ဘီလီယံကျော် ပျံသန်းမှုပြုလုပ်ထားကြောင်း ဘိုးရင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ လွန်းပြန်ယာဉ်သည် ပေ ၃၀ ရှည်ပြီး တောင်ပံအရှည်မှာ ၁၅ ပေ ရှိကြောင်း၊ လွန်းပြန်ယာဉ်ကို နောက်ဆုံးမလွှတ်တင်မီ ၂၀၂၀ ပြည့်နှစ် မေလတွင် သိပ္ပံဆိုင်ရာ စမ်းသပ်မှုများကို ပင်တဂွန်က ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



## လက်ဘနွန်နိုင်ငံ မြောက်ပိုင်းတွင် ကာလဝမ်းရောဂါတိုက်ဖျက်ရေး အမျိုးသားကာကွယ်ဆေးထိုးလှုပ်ရှားမှုစတင်

**ဘေရွတ် နိုဝင်ဘာ ၁၃**

လွန်ခဲ့သည့် သီတင်းပတ်များအတွင်း ကာလဝမ်းရောဂါ ဖြစ်ပွားမှု ပြင်းထန်စွာ ခံစားနေရသော လက်ဘနွန်နိုင်ငံ မြောက်ပိုင်းတွင် ကာလဝမ်းရောဂါ တိုက်ဖျက်ရေး အမျိုးသား ကာကွယ်ဆေးထိုး လှုပ်ရှားမှုကို နိုဝင်ဘာ ၁၂ ရက်က စတင်ခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုး လှုပ်ရှားမှုသည် ပထမအဆင့်ဖြစ်ပြီး ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ လာမည့် သီတင်းပတ်အတွင်း ကာကွယ်ဆေး စုစုပေါင်းအလုံးရေ ၆၀၀၀၀၀ ကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ယာယီကျန်းမာရေးဝန်ကြီး ဖီရက်စ်အဘိတ်ကို ကိုးကားပြီး ပြည်တွင်းသတင်းဝက်ဘ်ဆိုက် L'Orient Today တွင် ဖော်ပြထားသည်။

ကာလဝမ်းရောဂါသည် ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီး မသန့်ရှင်းသောရေနှင့် အစားအစာများမှတစ်ဆင့် ကူးစက်ပျံ့နှံ့သည်ဟု ဆိုသည်။

နိုင်ငံမြောက်ပိုင်းတွင် ကာလဝမ်းရောဂါ ဖြစ်ပွားကြောင်း လက်ဘနွန်ကျန်းမာရေး ဝန်ကြီးဌာနက အောက်တိုဘာ ၆ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ လက်ရှိအချိန်အထိ လက်ဘနွန်နိုင်ငံရှိ ခရိုင် ၂၆ ခုအနက် ၁၈ ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း သိရသည်။ လက်ဘနွန်နိုင်ငံ၌ဖြစ်ပွားနေသော လက်ရှိ ကာလဝမ်းရောဂါသည် နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်ဟုဆိုသည်။ လက်ဘနွန်နိုင်ငံသည် လက်ရှိအချိန်အထိ အတည်ပြု ကာလဝမ်းရောဂါ ဖြစ်ပွားသူ ၅၃၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၈ ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**




ကာလဝမ်းရောဂါကာကွယ်ဆေးတိုက်ကျွေးမှု ခံယူရန် စောင့်ဆိုင်းနေသူများကို နိုဝင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

## ဂျီ - ၂၀ ဝန်ကြီးများ ဒေါ်လာဘီလီယံချီသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါရန်ပုံငွေထူထောင်

**ဘာလီ နိုဝင်ဘာ ၁၃**

ဂျီ - ၂၀ ကျန်းမာရေးနှင့် ဘဏ္ဍာရေးဝန်ကြီးများသည် နောင်တွင်ဖြစ်ပေါ်လာမည့် ကမ္ဘာ့ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုဝင်ဘာ ၁၃ ရက်တွင် ကပ်ရောဂါရန်ပုံငွေအမေရိကန်ဒေါ်လော ဒသမ ၄ ဘီလီယံကို စတင်ထူထောင်ခဲ့ကြောင်း အေအက်ဖ်ပီက ဖော်ပြသည်။

ဖြစ်ပေါ်လာမည့် ကပ်ရောဂါကို ကာကွယ်ရန်နှင့် ကြိုတင်ပြင်ဆင်ရန်အတွက် ကပ်ရောဂါရန်ပုံငွေတစ်ခု ထူထောင်ရန် ဂျီ -၂၀ က သဘောတူခဲ့ကြကြောင်း၊ ဂျီ -၂၀ အဖွဲ့ဝင် အလှူရှင်များနှင့် ဂျီ -၂၀ အဖွဲ့ဝင်မဟုတ်သော အလှူရှင်များအပြင် ပရဟိတအဖွဲ့အစည်းများက အဆိုပါရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းကြကြောင်း၊ သို့သော်လည်း အဆိုပါပမာဏသည် လုံလောက်မှုမရှိကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ဗီဒီယိုမိန့်ခွန်းတွင် ပြောသည်။ ထို့အပြင် ဖြစ်ပေါ်လာမည့် ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။




အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယဲလ်လင်း။

အဆိုပါ ပူးပေါင်းရန်ပုံငွေသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ဂျီ -၂၀ က ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသည့် ဥပမာတစ်ခုဖြစ်သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး ဂျနက်ယဲလ်လင်းက ပြောသည်။ ထိုရန်ပုံငွေသို့ အမေရိကန်နိုင်ငံက စုစုပေါင်းထည့်ဝင်လှူဒါန်းငွေ၏ သုံးပုံတစ်ပုံနီးပါးရှိသော အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကို ထည့်ဝင်လှူဒါန်းခဲ့သည်ဟု ဆိုသည်။

အဆိုပါ ရန်ပုံငွေသို့ အဓိကလှူဒါန်းသည့် နိုင်ငံများတွင် အမေရိကန်၊ ဗြိတိန်၊ အိန္ဒိယ၊ တရုတ်၊ ပြင်သစ်၊ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့ ပါဝင်သည်ဟု ဆိုသည်။ **အေအက်ဖ်ပီ**

## မလေးရှားနိုင်ငံ၌ ကိုဗစ် - ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၈၈၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၃**

မလေးရှားနိုင်ငံ၌ နိုဝင်ဘာ ၁၂ ရက် ညပိုင်းက ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၈၈၂ ဦးထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၄၉၄၆၅၈၃ ဦးရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။ ပြည်ပမှကူးစက်ခံရသူ တစ်ဦးသာရှိပြီး ၂၈၈၁ ဦးမှာ ဒေသတွင်း ကူးစက်ခံရသူများ ဖြစ်သည်ဟု သိရသည်။ ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူနောက်ထပ် ကိုးဦး ထပ်တိုးလာရာ သေဆုံးသူဦးရေမှာလည်း ၃၆၅၄၆ ဦးထိ ရှိလာပြီဖြစ်သည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူ ၄၇၃၀ ထပ်မံရှိသဖြင့် ရောဂါပျောက်ကင်းပြီး ဆေးရုံမှ ဆင်းခွင့်ရသူစုစုပေါင်း ၄၈၇၈၂၈ ဦးရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိ ရောဂါဖြစ်ပွားနေသူ ၃၁၂၀၉ ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၈၄ ဦးရှိသည်။ ၆၂ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာ တပ်ဆင်ထားရသည်။

နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၁ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်ကြိမ် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူများဖြစ်ပြီး ကာကွယ်ဆေး အကြိမ်ပြည့် ထိုးပြီးသူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ ပထမအကြိမ်ထပ်ဆောင်းကာကွယ်ဆေး ထိုးပြီးသူမှာ ၄၉ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးပြီးသူ ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**



နယူးယောက်မြို့ရှိ စာသင်ကျောင်းတွင် ကလေးများ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ထားသည်ကို တွေ့ရစဉ်။

# စာသင်ကျောင်းများတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းကြောင့် ကိုဗစ် - ၁၉ ကူးစက်မှုများကို လျှော့ချပေးနိုင်

*နှင်းမိုးအိမ်*

စာသင်ကျောင်းတွေမှာ ပါးစပ်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ဖို့ အမိန့် ဖယ်ရှားလိုက်တဲ့အချိန်ကစလို့ ဝန်ထမ်းတွေနဲ့ ကျောင်းသားတွေကြား ကိုဗစ်-၁၉ ကူးစက်မှုဟာ သိသိသာသာ မြင့်မားလာတယ်လို့ အမေရိကန် လေ့လာမှုတစ်ခုအရ သိရပါတယ်။ ဟားဗတ်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးကျောင်းမှ သိပ္ပံပညာရှင်တွေပါဝင်တဲ့ သုတေသနအုပ်စုဟာ သူတို့ရဲ့လေ့လာတွေ့ရှိချက်ကို နယူးအင်္ဂလန် ဆေးပညာဂျာနယ်မှာ ဖော်ပြခဲ့ပါတယ်။

**နှိုင်းယှဉ်မှုပြုလုပ်**

မက်ဆာချူးဆက်ပြည်နယ် အရှေ့ပိုင်း ဘော်စတွန်မြို့ ပတ်ဝန်းကျင်မှာရှိတဲ့ စာသင်ကျောင်းတွေကို အဓိကထားကာ လေ့လာမှုပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ် ဖေဖော်ဝါရီလကစလို့ စာသင်ကျောင်းပေါင်း ၇၀ မှာ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမယ့်အမိန့်ကို ဖယ်ရှားပေးခဲ့ပြီး နယ်မြေနှစ်ခုက စာသင်ကျောင်းတွေမှာတော့ ပါးစပ် နှာခေါင်းစည်း တပ်ဆင်ရမယ့်အမိန့်ကို ဆက်လက်ထားရှိခဲ့ပါတယ်။ စာသင်ခန်းအတွင်းမှာ ကျောင်းသားဦးရေ ပိုမိုထားရှိလိုတဲ့ အကြောင်းပြချက်ကြောင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရမည့် အမိန့်ကို ဆက်လက်ထားရှိခဲ့တာပဲ ဖြစ်ပါတယ် ။ အခုအခါမှာတော့ အဲဒီ စာသင်ကျောင်းတွေကို နှိုင်းယှဉ်မှု ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။

**ကူးစက်မှုပိုတိုးလာ**

ပါးစပ် နှာခေါင်းစည်း တပ်ဆင်ဖို့ ကန့်သတ်ချက်ကို ဖယ်ရှားပေးလိုက်တဲ့ စာသင်ကျောင်းနယ်မြေမှာဆိုရင် ၁၅ ပတ်အတွင်း ကျောင်းသား ၁၀၀၀ လျှင် ကူးစက်ခံရမှုနှုန်းမှာ ၁၃၄ ဒသမ ၄ ရှိပြီး ပါးစပ် နှာခေါင်းစည်းတပ်ဆင်ထားတဲ့ နယ်မြေကကျောင်းမှာတော့ ကူးစက်မှုနှုန်းဟာ ၁၀၀၀ မှာ ၆၆ ဒသမ ၁ ရှိတယ်လို့ လေ့လာမှုအရ တွေ့ရှိရပါတယ်။ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမယ့်အမိန့်ကို ဖယ်ရှားလိုက်ခြင်းကြောင့် ကိုဗစ် -၁၉ ကူးစက်ခံရမှုဦးရေဟာ ပိုပြီးတိုးလာတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဝန်ထမ်းတွေနဲ့ ကျောင်းသားတွေကြားမှာ ကူးစက်ခံရမှု ၃၀ ရာခိုင်နှုန်း တိုးလာပါတယ်။

**အရေးပါတဲ့နည်းလမ်း**

ပါးစပ် နှာခေါင်းစည်း တပ်ဆင်တဲ့အတွက် သင်ယူမှုမှာ အနှောင့်အယှက်ဖြစ်ခြင်း၊ တိုးတက်မှုမှာ အတားအဆီးဖြစ်ခြင်းတို့ မတွေ့ရဘူးလို့လည်း အဆိုပါလေ့လာမှုအုပ်စုက ပြောပါတယ်။ ကူးစက်မှုနှုန်းကို လျှော့ချဖို့အတွက် အရေးပါတဲ့ နည်းလမ်းကတော့ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းပဲဖြစ်တယ်လို့ သုတေသီများက အကြံပြုထားပါတယ်။ ကူးစက်မှုမြင့်မားတဲ့ ရာသီမှာ ကျောင်းသားများ ရောဂါကြောင့် ကျောင်းပျက်ရခြင်းကို ကာကွယ်ဖို့ဆိုရင် အကောင်းဆုံးနည်းလမ်းကတော့ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းပဲဖြစ်ပါတယ်။

**သိသိသာသာလျော့ကျလာ**

ပါးစပ်နှာခေါင်းစည်း တပ်ဆင်ဖို့ သတ်မှတ်ထားတဲ့ အစိုးရကျောင်းတွေမှာဆိုရင် ပြီးခဲ့တဲ့နှစ်အတွင်းမှာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျလာတာကို တွေ့ရတယ်လို့ နယူးအင်္ဂလန် ဆေးပညာဂျာနယ်မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ နှာခေါင်းစည်း တပ်ဆင်ခြင်းဖြင့် ရောဂါကူးစက်မှုကို လျှော့ချပေးနိုင်ပြီး ကလေးတွေ ကျောင်းပျက်တာကိုလည်း အကာအကွယ်ပေးနိုင်တယ်လို့ လေ့လာမှုမှာပါဝင်တဲ့ ဘော်စတွန်၊ ဟားဗတ်နဲ့ ဘော်စတွန်ပြည်သူ့ကျန်းမာရေးကျောင်းတို့မှ သုတေသနပညာရှင်တွေက ပြောပါတယ်။

**ကျောင်းပျက်မှုများပြား**

ရောဂါကူးစက်မှုကြောင့် ကျောင်းသားဦးရေ ၁၇၅၀၀ ဟာ ကျောင်းပျက်ခဲ့ရပြီးတော့ ဝန်ထမ်း ၆၅၀၀ ဟာလည်း အလုပ်ပျက်ခဲ့ရတယ်လို့ လေ့လာမှုမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ကူးစက်ခံရတဲ့သူတွေဟာလည်း ကျောင်းကို ငါးရက်မလာရဘဲ သီးခြားနေထိုင်ရပါတယ်လို့ လေ့လာမှုမှာ ဖော်ပြထားပါတယ်။

**ဖယ်ရှားပေးခဲ့**

မက်ဆာချူးဆက် ပြည်နယ်ဟာဆိုရင် ၂၀၂၁ -၂၀၂၂ စာသင်နှစ် အစိုးရကျောင်းတွေမှာ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ဖို့ အမိန့်ထုတ်ပြန်ခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ရောဂါနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကို ပြောင်းလဲလိုက်တဲ့အခါမှာတော့ မက်ဆာချူးဆက်ပြည်နယ်ဟာလည်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမယ့်အမိန့် ဖယ်ရှားပေးခဲ့ပါတယ်။

**အထိရောက်ဆုံးနည်းလမ်း**

ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းဖြင့် နောက်ထပ်ကိုဗစ်-၁၉ မျိုးကွဲတွေ ထပ်ပေါ်လာမှာကို ထိန်းချုပ်နိုင်တဲ့အပြင် နောက်ထပ်ကူးစက်မှုတွေကလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဒါဟာကုန်ကျစရိတ် အသက်သာဆုံးနဲ့ အထိရောက်ဆုံး နည်းလမ်းပဲဖြစ်ပါတယ်လို့ သုတေသီအုပ်စုက ပြောပါတယ်။ လက်ရှိကလေးတွေမှာ ကြုံတွေ့နေရတဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်နှက်နေရတဲ့ အခြေအနေတွေကို ပါးစပ်နှာခေါင်းစည်း တပ်ဆင်လိုက်ခြင်းနဲ့ပဲ ဖြေရှင်းနိုင်ပါတယ်။ ။

**ကိုးကား - သည်ဂါရှင်တန်ပို့၊ အင်န်အိတ်ချ်ကေ**

◆ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ဖို့ သတ်မှတ်ထားတဲ့ အစိုးရကျောင်းတွေမှာဆိုရင် ပြီးခဲ့တဲ့နှစ်အတွင်းမှာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျလာတာကို တွေ့ရတယ်လို့ နယူးအင်္ဂလန် ဆေးပညာဂျာနယ်မှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ နှာခေါင်းစည်း တပ်ဆင်ခြင်းဖြင့် ရောဂါကူးစက်မှုကို လျှော့ချပေးနိုင်ပြီး ကလေးတွေ ကျောင်းပျက်တာကိုလည်း အကာအကွယ်ပေးနိုင်တယ်လို့ လေ့လာမှုမှာပါဝင်တဲ့ ဘော်စတွန်၊ ဟားဗတ်နဲ့ ဘော်စတွန်ပြည်သူ့ကျန်းမာရေးကျောင်းတို့မှ သုတေသနပညာရှင်တွေက ပြောပါတယ်

## ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၂၂ ရက် ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

**(၁၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၃၃,၁၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၆၇၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၉၄၆) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၄၀,၁၄၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၁၂,၇၀၈) ဦး တို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၂-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၄၀,၁၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၁၂,၇၀၈ |

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၁၃ -၁၁- ၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၈၉၅၂၃၆ | ၉၇၄၂၇၀၄၇ | ၁၁၀၀၁၂၅ |
| ၂။ | အိန္ဒိယ | ၄၄၆၆၆၃၇၇ | ၄၄၁၂၃၅၃၉ | ၅၃၀၅၃၁ |
| ၃။ | ပြင်သစ် | ၃၇၁၀၀၀၁၈ | ၃၆၄၄၂၁၁၇ | ၁၅၇၇၀၄ |
| ၄။ | ဂျာမနီ | ၃၆၀၃၃၃၉၄ | ၃၄၉၂၉၅၀၀ | ၁၅၅၅၈၈ |
| ၅။ | ဘရာဇီး | ၃၄၉၅၄၆၈၀ | ၃၄၁၁၅၁၈၈ | ၆၈၈၇၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၆၁၉၄၂၂၉ | ၂၅၃၆၆၅၃၈ | ၂၉၆၆၅ |
| ၇။ | ဗြိတိန် | ၂၃၉၅၄၁၉၂ | ၂၃၆၄၁၁၁၀ | ၁၉၅၅၃၀ |
| ၈။ | အီတလီ | ၂၃၈၂၃၁၉၂ | ၂၃၂၂၄၆၅၃ | ၁၇၉၉၈၅ |
| ၉။ | ဂျပန် | ၂၃၁၇၈၇၁၀ | ၂၀၅၅၈၆၄၂ | ၄၇၅၇၉ |
| ၁၀။ | ရုရှား | ၂၁၄၉၉၉၅၂ | ၂၀၉၀၁၅၁၇ | ၃၉၁၀၂၄ |

### ၁၃-၁၁- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၅၀၈၆၈၉ | ၁၀၆၀၅၉၃၇ | ၄၃၁၆၆ |
| အင်ဒိုနီးရှား | ၆၅၆၁၅၀၄ | ၆၃၅၂၆၀၆ | ၁၅၉၁၀၄ |
| မလေးရှား | ၄၉၄၆၅၈၃ | ၄၈၇၈၈၂၈ | ၃၆၅၄၆ |
| ထိုင်း | ၄၆၉၅၂၀၇ | ၄၆၄၉၅၀၉ | ၃၂၉၉၅ |
| ဖိလစ်ပိုင် | ၄၀၁၆၄၀၁ | ၃၉၃၄၃၄၄ | ၆၄၃၈၂ |
| စင်ကာပူ | ၂၁၃၈၅၉၈ | ၂၀၅၉၃၉၈ | ၁၆၉၄ |
| မြန်မာ | ၆၃၂၆၇၉ | ၆၀၆၉၄၆ | ၁၉၄၈၆ |
| ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၃၅၇ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၉၆ | ၁၃၄၉၆၀ | ၃၀၅၆ |

**❖ အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# တစ်ဆောင်းသစ်ပြီ ပုံမှန်လမ်းလျှောက်ကြရအောင်

*အားကစားပရိသတ်တစ်ဦး*

**အရုဏ်ဦး၏ ရောင်နီဦးအောက်တွင် သက်ရှိ၊ သက်မဲ့အရာအားလုံး ပြန်လည်နိုးထသက်ဝင်လာသည်။ နေ့သစ်တစ်နေ့ကို အစပျိုးလိုက်သည့် အရုဏ်ဦး၏အလှ၊ သန့်ရှင်းလတ်ဆတ်သော လေနုအေးတို့ကို ထိတွေ့နမ်းရှိုက်ရသည့်အရသာ။ သစ်လွင်သောနေ့သစ်မှာ ပတ်ဝန်းကျင်ကလည်းအသစ်၊ လူကလည်းစိတ်သစ်၊ လူသစ်၊ ခွန်အားသစ်။ အရာရာသည် သစ်လွင်ဆန်းသစ်လှပလို့နေသည်ကော။**

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံ၊ လင်းကြက်ဆော်သံတို့နှင့်အတူ မကြာမီ မိုးသောက်ချိန် ရောက်တော့မည်။ သည်မြင်ကွင်း၊ သည်ရနံ့၊ သည်အရသာ၊ သည် သဘာဝနိယာမတို့ကား လောကသားတို့အတွက် သဘာဝ၏ ဆုလာဘ်၊ သဘာဝ၏ လက်ဆောင်မွန်တစ်ရပ်ဖြစ်ပေသည်။ သို့သော် လူတိုင်းရရှိခံစားကြရသလား ဆိုတော့ လူတိုင်းမရနိုင်၊ မခံစားနိုင်ပါ။ နံနက်စောစော အိပ်ရာနိုးထတတ်ကြသူများ၊ ပုံမှန်လမ်းထလျှောက်သူများ အတွက်သာ သဘာဝက ပေးအပ်သော သီးသန့်လက်ဆောင်မွန်တစ်ရပ် ဖြစ်ပေသည်။



**လမ်းလျှောက်ခြင်းကြောင့် ရရှိလာမည့် အခြားအကျိုးကျေးဇူးများ**

ပုံမှန် လမ်းလျှောက်သူတို့အတွက် လမ်းလျှောက်ခြင်းကြောင့် ရရှိလာမည့် အခြားအကျိုးကျေးဇူးများကရော . . . "မနက်တိုင်း လမ်းပုံမှန်လျှောက်လို့ အခုဆီးချိုမတက်တော့ဘူး။ တိုင်းလိုက်တိုင်း ပုံမှန်ဖြစ်သွားပြီ။ လမ်းပုံမှန်လျှောက်ပြီး အစားအသောက်လည်း ဆင်ခြင်လိုက်တော့ တစ်ကိုယ်လုံးပေါ့ပါးပြီး နေလို့ထိုင်လို့ ကောင်းတယ်"

ရပ်ကွက်ထဲက ရင်းနှီးသူအစ်မတစ်ဦး၏ ကိုယ်တွေ့စကားသံက ပုံမှန်လမ်းလျှောက်ခြင်းကြောင့်ရရှိလာသည့် ကျန်းမာရေး အကျိုးကျေးဇူးတို့ကို သက်သေပြုဖော်ပြလို့ နေပါသည်။ ဆီးချိုရောဂါဝင်စမှာ အနေအထိုင်၊ အစားအသောက်၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းတို့ကို ဂရုစိုက်ပြုမူနေထိုင်စားသောက်ခြင်း၏ အကျိုးကျေးဇူးများပါပေ။

မှန်ပါသည်။ လမ်းလျှောက်ခြင်းကြောင့် ရရှိနိုင်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ပညာရှင်များကလည်း သုတေသနပြု ဆန်းစစ်လေ့လာ၍ အကျယ်တဝင့်ဖော်ပြခဲ့ကြပါသည်။

လမ်းလျှောက်ခြင်းဖြင့် "သွေးတွင်း မကောင်းသည့် ကယ်လိုရီများ၊ ကိုလက်စထရောများကို လောင်ကျွမ်းစေခြင်း၊ အလေးမလိုဘဲ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားများကို လေ့ကျင့်ပေးနိုင်ခြင်း၊ ကိုယ်အလေးချိန်ကို ကျစေခြင်း၊ စိတ်ကြည်လင် ပေါ့ပါးလန်းဆန်းစေခြင်း၊ နှလုံးအားကောင်းစေခြင်း၊ အသက်ရှူလမ်းကြောင်းအတွက် လေ့ကျင့်ခန်းဖြစ်စေခြင်း၊ သွေးလည်ပတ်စီးဆင်းမှု မြန်စေခြင်း၊ အိုမင်းရင့်ရော်ခြင်းကို နှေးကွေးစေခြင်း၊ ခန္ဓာကိုယ်တွင်း အစိတ်အပိုင်းများ၏ လုပ်ဆောင်မှုကို လျင်မြန်စေခြင်း၊ အဝလွန်ခြင်း မဖြစ်စေရန် ကာကွယ်ပေးနိုင်ခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်းနှင့် ရောဂါရှိသူများ ဆိုပါကလည်း သွေးပေါင်ချိန်ကိုပုံမှန်အတိုင်းဖြစ်စေခြင်း၊ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ခြင်း၊ နှလုံးရောဂါ၊ လေဖြတ်၊ လေဖျန်းခြင်းစသည့် နာတာရှည်ရောဂါဖြစ်နိုင်ခြေကိုလည်း လျော့နည်းစေခြင်းစသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်းဆိုကြသည်။

ထို့အတူ လမ်းလျှောက်ခြင်းက ခြေထောက်ကြွက်သားနှင့် အရိုးအဆစ်များကို သန်မာစေ၍ အရိုးပွခြင်း၊ အဆစ်လွဲခြင်းများ အလွယ်တကူမဖြစ်အောင် ကာကွယ်ပေးသည်။

အဆုတ်အားကို ကောင်းစေသည်။ သွေးလည်ပတ်မှု ကောင်းမွန်လာသည်နှင့် အမျှ အဆုတ်ကို အောက်ဆီဂျင်လုံလောက်စွာ ဝင်ရောက်စေကာ အဆုတ်မှအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ သက်လုံအားကောင်းလာပြီး အဆုတ်ကို သန်မာစေ၍ အဆုတ်နှင့်ပတ်သက်သော ရောဂါများကို ကင်းဝေးစေသည်။

**တစ်ရက်လျှင် မိနစ် ၃၀ လမ်းလျှောက်လျှင်**

တစ်ရက်ကို မိနစ် ၃၀ ခန့်လမ်းလျှောက်ပေးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးရုံသာမက အစာချေစနစ်ကိုလည်း ကောင်းမွန်စွာ အလုပ်လုပ်နိုင်အောင် ကူညီပေးသည်ဟု သိရသည်။

ထို့ပြင် စိတ်ဖိစီးမှုလျော့နည်းစေခြင်း၊ စိတ်ပူပန်မှုလျော့ကျစေခြင်း၊ ပင်ပန်းနွမ်းနယ်မှုလျော့ကျစေခြင်း၊ စိတ်ကျရောဂါဖြစ်နိုင်ခြေ လျော့နည်းစေခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုဖြစ်ပေါ်စေခြင်း၊ စိတ်ခွန်အားမြင့်မားစေခြင်း စသည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကျိုးကျေးဇူးများကိုလည်း ရရှိနိုင်သည်ဟု ဆိုသည်။ အထူးသဖြင့် နံနက်စောစော လမ်းထလျှောက်သူများအတွက်ဆိုပါမူ နေခြည်နုထွေးအောက်တွင် သန့်ရှင်းလတ်ဆတ်သော လေနုအေးသင်းပျံ့ပျံ့ကို ရှူရှိုက်ရခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ ကြည်လင်ပြတ်သားမှုကို ရရှိစေပြီး တစ်နေ့တာလုံး အာရုံစူးစိုက်မှု အားကောင်းစေသည်ဟု ဆိုသည်။

နံနက်စောစောနှင့် ညနေလမ်းလျှောက်ခြင်း

**နံနက်စောစောနှင့် ညနေလမ်းလျှောက်ခြင်း**

ဆေးပညာရှင်များ၏ သုတေသနဆန်းစစ်မှုများအရ နံနက်စောစော လမ်းလျှောက်သည့် သက်ကြီးရွယ်အိုများအနေဖြင့် သိမှုစွမ်းရည်များမြင့်တက်လာစေသည်။ နံနက်ပိုင်းရော ညနေခင်းပါ လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ဆောင်ပါက ညအချိန်တွင် ကောင်းစွာအိပ်ပျော်နိုင်သည်ဟု ဆိုသည်။ ဦးနှောက်၏ လုပ်ဆောင်မှုကို အကျိုးသက်ရောက်စေသည့်အတွက် သူငယ်ပြန်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ခြင်း စသည်တို့ကိုလည်း ကာကွယ်နိုင်သည်ဟု သိရသည်။

ဆိုရပါလျှင် လမ်းလျှောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများသည် ကုန်နိုင်ဖွယ်မရှိပေ။ လမ်းလျှောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာကိုပါ အထောက်အကူပြုသည့် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ကျန်းမာရေးအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြင့် လုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းတစ်ခုလည်းဖြစ်သည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် အကောင်းဆုံး အားကစားနည်း တစ်ခုလည်းဖြစ်သည်။ လူသားတို့အတွက် အကောင်းဆုံးဆေးတစ်ခွက်ဟုလည်း ဆိုနိုင်သည်။ တစ်နေ့လျှင် မိနစ် ၃၀ ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ငွေမကုန်၊ လူမပင်ပန်းဘဲ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ နုပျိုလှပခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ရှေးမြန်မာ ဘိုးဘွားလူကြီးမိဘများသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးမျှတစွာ အသက်ကို မွေးမြူတတ်ကြသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်၊ အနေအထိုင် အပြုအမူတို့ကြောင့် ကျန်းမာသန်စွမ်းကြသည်။ လူ့ဘဝတွင် သက်တမ်းစေ့နေထိုင်နိုင်ခဲ့ကြသည်။

**ဆရာကြီးရွှေဥဒေါင်း၏ လမ်းလျှောက်ခြင်း**

ဆရာကြီးရွှေဥဒေါင်းက "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်တွင် "ကျွန်ုပ်၏အသက်မှာ ထိုအခါ၌ (၆၁) နှစ်ရှိပြီဖြစ်သော်လည်း မိမိကိုယ်ကို (၄၀) အရွယ်လောက်သာ ထင်မိသည့် အလျောက် လူလတ်အရွယ်များ လှုပ်ရှားနိုင်သလောက် အားကျမခံ လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားသွားလာနိုင်ပါသည်။ ဤသည်မှာ လွန်ခဲ့သော ၁၀ နှစ်ကတည်းက နံနက်တိုင်း မှန်မှန်လမ်းလျှောက်ခဲ့ခြင်း၏ အကျိုးအာနိသင်ပေတည်း။ (ကျွန်ုပ်၏ တပည့် ဖိုးကြီးမောင်သည် ကျွန်ုပ်နှင့်အတူ နေစဉ်အခါ ဘယ်တော့မှလမ်းလျှောက်လိုက်သည်မရှိ။ ကျွန်ုပ် သုံးလေးပြန်လျှောက်နိုင်သည့် ဈေးချိုခရီးမျှလောက်ကို မရှိမဲ့ရှိမဲ့နှင့် ဆိုက်ကားအမြဲစီး၍ သွားတတ်လေသည်။ ဖိုးကျင်မောင်မူကား ကျွန်ုပ်နှင့် ပြင်ဦးလွင်၌အတူနေကြစဉ် နံနက်တိုင်း လမ်းလျှောက်လိုက်ဖို့ ကြိုးစားရှာသည်။ ဤတစ်ကောင်လည်း ခပ်ပျင်းပျင်းရှိသည်။ သို့သော် ကျွန်ုပ်ဆူမည်ကို ကြောက်သည်နှင့် သူ့ဘာသာမထသော်လည်း ကျွန်ုပ်က နှိုးလိုက်လျှင် လူးလဲ၍ ထဖော်ရပေသည်။" ဟု ရေးသားခဲ့ပါသည်။

ဆရာကြီးရွှေဥဒေါင်း၏ ထိုသို့ရေးဖွဲ့မှုကို ဖိုးကျင်မောင်တစ်ဖြစ်လဲ ဆရာသော်တာဆွေကလည်း "ကျွန်တော့်ဘဝဇာတ်ကြောင်း"စာအုပ်တွင် အမှတ်တရ ပြန်လည်ရေးသားခဲ့ပြန်ပါသည်။

"နံနက်စောစောထ၍ လမ်းလျှောက်ခြင်းကား ဆရာကြီး၏ထာဝရအလုပ်ဖြစ်ခဲ့သည်။ ဘယ်အရပ်မှာနေနေ၊ ဘယ်ရာသီဥတုမှာပဲဖြစ်ဖြစ်၊ အချိန်မှန်မှန်၊ ခရီးမှန်မှန် အဓိဋ္ဌာန်နှင့် လျှောက်သူဖြစ်ပေသည်။ နံနက်စောစောကြီး မိုးတွေသည်းစွာ ရွာနေပါစေ၊ လေတွေပြင်းစွာ တိုက်နေပါစေ၊ မိုးကာအင်္ကျီနှင့် ဦးထုပ်နှင့် ထွက်သည်။ မန္တလေးမှာလည်းကောင်း၊ ပြင်ဦးလွင်မှာလည်းကောင်း ဆရာကြီးနှင့် ကျွန်တော် အတူနေခဲ့ဖူးသည်။ ဆရာကြီးနှင့်တန်းတူ ကျွန်တော်လမ်းလျှောက်မလိုက်နိုင်ခဲ့ပါ။

'ဟေ့ ဖိုးကျင်မောင်ရ၊ မင်းရဲ့အကြီးဆုံးရန်သူဟာ ဘယ်သူလဲ၊ မင်းသိရဲ့လား'

ပြင်ဦးလွင်၏အေးချမ်းလှသည့် တစ်ခုသောနံနက် ဆရာကြီးသည် ကျွန်တော့်အား အိပ်ရာထဲမှ နှိုးခေါ်လာပြီး လမ်းလျှောက်လာကြစဉ် အထက်ပါမေးခွန်းကိုမေးလေရာ ကျွန်တော့်မှာ ရုတ်တရက်ဘာကို ဖြေရမှန်းမသိ။

ဆရာကြီးက ဆက်လက်၍ 'မင်းရဲ့ အကြီးဆုံးရန်သူဟာ မင်းပဲကွ။ အဲ မင်းကိုယ်မင်း နိုင်ပြီဆိုရင် အားလုံးကိုနိုင်တော့တာပဲ။ သည်တော့ မင်းကိုယ်မင်း နိုင်အောင် ကြိုးစားရမယ်။ အခု ကြည့်စမ်း၊ မင်းအိပ်ရာထဲက မထချင်ဘူး။ မနက်စောစော ဇိမ်လေးနဲ့မှေးနေချင်တယ်။ အဲဒါ မင်းစိတ်အလိုပဲ။ အဲသည်အလိုပျက်အောင် ဖျက်နိုင်ဖို့ကြိုးစားရမယ်။ သည်လိုဖျက်နိုင်တော့ ဘာအကျိုးရှိသလဲလို့ မင်းကမေးချင်လိမ့်မယ်။ အဲဒါကို ငါမဖြေနိုင်ဘူး။ မင်းစိတ်ကို မင်းနိုင်တဲ့အခါမှာ မင်းဟာမင်း သိလာလိမ့်မယ်'

*စာမျက်နှာ ၁၇ သို့*

**ဆေးပညာရှင်များ၏ သုတေသနဆန်းစစ်မှုများအရ နံနက်စောစော လမ်းလျှောက်သည့် သက်ကြီးရွယ်အိုများအနေဖြင့် သိမှုစွမ်းရည်များမြင့်တက်လာစေသည်။ နံနက်ပိုင်းရော ညနေခင်းပါ လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ဆောင်ပါက ညအချိန်တွင် ကောင်းစွာအိပ်ပျော်နိုင်သည်ဟု ဆိုသည်။ ဦးနှောက်၏လုပ်ဆောင်မှုကို အကျိုးသက်ရောက်စေသည့်အတွက် သူငယ်ပြန်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါနှင့် ဦးနှောက်သွေးကြောပြတ်ခြင်း စသည်တို့ကိုလည်း ကာကွယ်နိုင်သည်ဟု သိရသည်**

# တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်ပစ္စည်းများမှ ငါးမျိုးစုံ တန်ချိန် ၃၅၀၀၀၀ ခန့် ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့နိုင်



**မြိတ် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် OnSite အစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက်က ကျွန်းစုမြို့နယ် ပထက်ကျေးရွာရှိ ပြည်ဖြိုးထွန်း ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ရေထွက်ကုန်ပစ္စည်းများ မွေးမြူထုတ်လုပ်နေမှုများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်အတွင်းရှိရေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးသည် ရေမြေသဘာဝက ပေးထားသော ရေထွက်ကုန်ပစ္စည်း မျိုးစုံထွက်ရှိသော ဒေသဖြစ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများမှ ငါးမျိုးစုံ တန်ချိန် ၃၅၀၀၀၀ ခန့် ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့နိုင်ခဲ့ပါကြောင်း၊ အများအားဖြင့် ကုန်ကြမ်းအဖြစ်သာ တင်ပို့နိုင်ခဲ့ပြီး ကုန်ကြမ်းအဖြစ်မှ ကုန်ချောထုတ်ကုန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲတင်ပို့ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ရေမြေသဘာဝ၊ ရေအရည်အသွေးကောင်းမွန်တည်ရှိမှုကြောင့် ယခုအခါ ရေငန်ပုစွန် (ပုစွန်ဖြူ) မွေးမြူထုတ်လုပ်ရေးသည် ကာလတိုအတွင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ လက်ရှိတွင် ဧကနှစ်ထောင်ကျော် မွေးမြူလျက်ရှိပြီး ထုတ်လုပ်မှု တစ်နှစ်လျှင် တန်ချိန် ၈၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ထုတ်လုပ်မှုအနေဖြင့်လည်း GAqP (ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်) များနှင့်အညီ မွေးမြူထုတ်လုပ်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်နိုင်ငံစီးပွားရေးသံမှူး Mr. Tan Shufu က နှုတ်ခွန်းဆက် စကားပြောကြားသည်။ ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က တရုတ်နိုင်ငံနှင့် ရေထွက်ကုန်ပစ္စည်း ကုန်သွယ်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက တရုတ်နိုင်ငံသို့ မြန်မာ့ရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး GACC နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးက တရုတ်နိုင်ငံသို့ မွေးမြူရေး ရေထွက်ကုန်များ တင်ပို့နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ခေတ်မီနည်းစနစ်ဖြင့်ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်ဖြိုးထွန်းကုမ္ပဏီ၊ ခိုင်ဇင်ယော်ကုမ္ပဏီနှင့် ရွှေကံမော်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ ရေလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အကြီးတန်း ဒုဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်နှင့် တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှသန်းတို့က ကျေးဇူးတင်စကား ပြောကြားကြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ခိုင်ထူး
(ပြန်/ဆက်)

# ကျိုင်းတုံမြို့အဝင် နောင်နွမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျိုင်းတုံ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင် နောင်နွမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၁၁ ရက်က ပြုလုပ်သည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ကျိုင်းတုံမြို့အတွင်းသို့ ဝင်ရောက်လာသည့် ခရီးသွားပြည်သူများ၊ အပြင်ထွက်သွားလာသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး စနစ်တကျတပ်ဆင်ရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာကြရန် အသိပညာပေး ပြောကြားခြင်းများ ဆောင်ရွက်ခြင်းဖြစ်သည်။



အလားတူ ကျိုင်းတုံမြို့နယ်၌ လူစည်ကားရာနေရာများ၊ ဈေးများတွင် အပြင်ထွက်သွားလာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိတ္ထီလာခရိုင် မဲရုံ ၉၇၆ ရုံ၌ မဲဆန္ဒရှင် ခုနစ်သိန်းကျော် ဆန္ဒမဲပေးရန်ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

၂၀၂၃ခုနှစ်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ မဲရုံ ၉၇၆ ရုံ ၊ ၁၈နှစ်ပြည့်ပြီးမဲဆန္ဒရှင် ၇၁၁၉၉၃ ဦး မဲဆန္ဒပေးရန်ရှိနေကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

မိတ္ထီလာခရိုင်တွင် မြို့နယ်လေးခုရှိရာ မိတ္ထီလာမြို့နယ်၌မဲရုံ ၂၉၆ ရုံ၊ မဲပေးနိုင်သူ ၂၅၂၅၀၈ ဦးရှိသည်။ အလားတူ မလှိုင်မြို့နယ်၌ မဲရုံ ၂၀၅ ရုံ၊ မဲပေးနိုင်သူ ၁၂၈၇၇၉ ဦး ရှိသည်။ သာစည်မြို့နယ်တွင် မဲရုံ ၂၅၁ ရုံ၌ မဲပေးနိုင်သူ ၁၆၀၂၂၃ ဦးရှိပြီး ဝမ်းတွင်းမြို့နယ်၌ မဲရုံ ၂၂၄ ရုံ၊ မဲပေးနိုင်သူ ၁၇၀၄၈၃ ဦးရှိနေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် တာဝန်ခံ ဦးအောင်မိုးမြင့်၊ တိုင်းကော်မရှင် ညွှန်ကြားရေးမှူး ဦးတင်မင်းအေးအဖွဲ့သည် မကြာမီက မိတ္ထီလာသို့ရောက်လာပြီး မြို့နယ်လေးခုအတွင်း ရွေးကောက်ပွဲဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ **ဌေးမြင့်မောင်**

*စာမျက်နှာ ၁၆ မှ*

မန္တလေးမှာလည်းကောင်း၊ ပြင်ဦးလွင်မှာလည်းကောင်း ဆရာကြီးနှင့် ကျွန်တော် အတူနေကြစဉ် လမ်းလျှောက်ရာတွင် ဆရာကြီးနှင့် တန်းတူလိုက်နိုင်သူ တစ်ယောက်ကား ရှိလေသည်။ ထိုလူကား အခြားမဟုတ်၊ "မန္တလေးလူထုဒေါ်အမာ၏ဖခင် ဦးထင်ဖြစ်ပေသည်" စသည်ဖြင့် အမှတ်တရ ရေးသားခဲ့ပါသည်။

ဆရာမကြီး လူထုဒေါ်အမာ၏ ဖခင် ဦးထင်သည် အသက် ၉၁ နှစ်အရွယ်တိုင် ကျန်းကျန်းမာမာဖြင့် တစ်နေ့သုံးမိုင်ခန့် လမ်းလျှောက်နိုင်သည်ဟု သိရသည်။ ဆရာမကြီးနှင့် ဖခင်ဖြစ်သူ ဦးထင်တို့ နှစ်ဦးစလုံး လမ်းလျှောက်ခြင်းကို ဝါသနာထုံကြသည်၊ ပုံမှန်လမ်းလျှောက်လေ့ရှိသည်ဟုလည်း သိရသည်။ ဆရာမကြီး လူထုဒေါ်အမာသည် အသက် ၉၃ နှစ်အရွယ်၊ ဆရာမကြီး၏ဖခင် ဦးထင်သည် အသက် ၉၅ နှစ်အရွယ်၊ ဆရာကြီး ရွှေဥဒေါင်းကား အသက် ၈၄ နှစ်အရွယ်အထိ အသက်ရှင်နေထိုင်နိုင်ခဲ့ကြပါသည်။

စာကောင်းပေမွန်တို့ကို အစဉ်ရေးသားလေ့ရှိကြသော ဆရာကြီးနှင့်ဆရာမကြီးတို့ကို အသက်ရာကျော်ရှည်စေချင်ပါသော်လည်း ယခုမျက်မှောက်ကာလနှင့် နှိုင်းယှဉ်ပါမူ အသက်ရှည်ခဲ့ကြသည်ဟု ဆိုရပါမည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများပါပေ။

၁၉၉၃ ခုနှစ် မတ်လထုတ် မိုးဂျာနယ်ပါ ဆရာမကြီးလူထုဒေါ်အမာ၏ "ချမ်းသလေမန်းမြေက" ဆောင်းပါးကို သတိရသွားသည်။ အဆိုပါဆောင်းပါးတွင် ဆရာမကြီးက "ကျုံးဘေးဟာ လေသန့်တယ်၊ လူရှင်းတယ်၊ လမ်းလျှောက်စရာ ပလက်ဖောင်းလည်း ကျယ်တယ်ဆိုပြီး မန္တလေးမြို့လယ်ကလူတွေ အဲဒီကျုံးဘေးမှာ တော်တော်များများလမ်းလျှောက်ကြပါတယ်။ မနက် ၄ နာရီ မထိုးမီကစပြီး ၇ နာရီ၊ ၈ နာရီလောက်အထိ လမ်းလျှောက်သမားတွေ ကျုံးဘေးပလက်ဖောင်းမှာ အများကြီးရှိသပေါ့။ အဲဒီအထဲ မြန်မာလူမျိုးက တရုတ်တွေလောက်တော့လည်း မများတတ်ဘူး။ ဒီလိုပြောလို့ တရုတ်လူဦးရေဟာ မန္တလေးမှာ မြန်မာတွေထက် များနေပြီလားလို့တော့လည်း ပြောလို့မရပေဘူး။ မြန်မာတွေက လမ်းလျှောက်ဖို့ပျင်းပြီး အိပ်ရာမထသူက အများကြီး၊ လမ်းလျှောက်တဲ့အရသာကို တရုတ်ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမတွေက ပိုပြီးသိရှိကြလို့ပါ" ဟူ၍ ရေးသားခဲ့ပါသည်။

မျက်မှောက်ကာလတွင် နည်းပညာများက ပို၍ဖွံ့ဖြိုးတိုးတက်လာသည်။ လူအများစုမှာ ကိုယ်လက်လှုပ်ရှားမှုနည်းလာကြပြီး အထိုင်များလာကြပါသည်။ ကလေးသူငယ် လူငယ်လူရွယ်များမှအစ သွက်သွက်လက်လက် ပြေးလွှားဆော့ကစားနေကြရမည့်အစား ဖုန်းအင်တာနက်နှင့် ဂိမ်းကစားနည်းများဖြင့်သာ နည်းပညာနောက်လိုက်ရင်း အချိန်ကုန်ကြရသည်။

ကိုယ်လက်လှုပ်ရှားမှုများ နည်းပါးလာသည်နှင့်အမျှ အဝလွန်ခြင်းအပြင် နောက်ဆက်တွဲ သွေးတိုးနှင့် ဆီးချိုရောဂါများက ကပ်ပါလာသည်။ ယနေ့ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာ နေ့စဉ်ကြုံတွေ့နေကြရသည့် ကျန်းမာရေးပြဿနာများတွင် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါသည် ထိပ်ဆုံးကပါဝင်လျက်ရှိသည်။

သို့ဖြင့် မြန်မာနိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရေးနှင့် လူ့သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်၊ အပြုအမူအနေအထိုင်အစ၊ နေ့စဉ်ကိုယ်လက်လှုပ်ရှားအားကစားကအစ မပျက်မကွက်ပြုမူလုပ်ဆောင်ကြရပါမည်။

မြတ်စွာဘုရားရှင်ကလည်း အစားကြူးသော ကောသလမင်းကြီးကို အစားအသောက်နှင့်ပတ်သက်၍ -

"အစားစားရာ၊ သတိပါ၊ တိုင်းတာသိတတ်စေ။ ကျန်းမာချမ်းသာ သက်ရှည်ကြာ၊ အိုနှာနောက်ကျပေ" ဟူ၍ ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့ပါသည်။

ရှေးမြန်မာ ပညာရှိများကလည်း အသက်ရှည်ရာ အကြောင်းငါးပါးနှင့် စပ်လျဉ်း၍ "လျောက်ပတ်သင့်တင့်စွာကျင့်ခြင်း၊ လျောက်ပတ်သင့်တင့်စွာစားခြင်း၊ အစာကြေစေတတ်သော ဆေးဝါးကို မှီဝဲခြင်း၊ လမ်းလျှောက်ခြင်း (အချိန်မှန်)၊ မေတ္တာတရားပွားများခြင်း" ဟူ၍ လမ်းညွှန်မှာကြားခဲ့ပါသည်။

တစ်ဆောင်းသစ်ခဲ့ချေပြီ။ ဒီဇင်ဘာလက ရှေးယခင်ကတည်းက လူထုအားကစားလ။ နေ့သစ်တစ်နေ့ကို အစပျိုးလိုက်သည့် အရုဏ်ဦး၏ အလှကို ခံစားရင်း၊ ငှေနှင်းမှုန်တို့နှင့်တူ သန့်ရှင်းလတ်ဆတ်သော လေနုအေးတို့ကို ထိတွေ့နမ်းရှိုက်ရင်း နေ့စဉ်ပုံမှန်လမ်းလျှောက်ကြရအောင်။ ။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်း ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့ ဝေဝေဆာဆာဖော်ပြလိုက်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ နောက်ထပ် Tense တစ်ခုဖြစ်တဲ့ Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကိုထပ်မံဖော်ပြလိုက်ပါတယ်။ ဒ့ါအပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about 'something wrong with my car' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုရှင်းလင်းချက်များနဲ့ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

**ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ်အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းကိုထပ်မံဖော်ပြလိုက်ရုံတင်မက ပိုမိုနားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ ဒ့ါပြင် Simple Past Tense (ရိုးရိုးအတိတ်ကာလ) အကြောင်းကိုလည်း နိဒါန်းလေးပျိုးပေးလိုက်ပါတယ်။**

Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကို ထပ်ကာထပ်ကာ သို့မဟုတ် ထပ်တလဲလဲ ပြုလုပ်ဆောင်ရွက်ချက်များကို ဖော်ပြရာတွင် အသုံးပြုနိုင်သည်။ (We can use the present perfect continuous for repeated actions.)

ဥပမာ–

- Silvia is a very good tennis player. She's been playing since she was eight.
- Every morning they meet in the same caf. They've been going there for years.

လုပ်ဆောင်ချက်တစ်ခုကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်း အဆိုပါလုပ်ဆောင်ချက်သည် ပြီးဆုံးခြင်း၊ မပြီးဆုံးခြင်းကို ကြည့်လေ့ကြည့်ထမရှိဘဲ လုပ်ဆောင်ချက်ကိုသာ အဓိကပြောချင်သောအခါတွင်လည်း Present Perfect Continuous Tense (ပစ္စုပ္ပန်ဖြစ်ပြီးဖြစ်ဆဲကာလ) ကိုသုံးသည်။

ဥပမာ –

- There is paint on Kate's clothes. She has been painting her bedroom. (ဆေးသုတ်နေဆဲ မပြီးသေး)
- My hands are very dirty. I've been repairing my bike. (ပြင်နေဆဲ၊ မပြီးသေး)

Exercise (1) Fill in the blanks with the Present Perfect Continuous tense of the verbs in brackets.

1. She ………………….. (cry) since this morning.
2. Lucy ………………….. (teach) for five years.
3. They ………………….. (live) in that house for 20 years.
4. My sister ………………….. (sleep) for the past hour.
5. Lucy ………….. (practice) on her violin since she returned.
6. He ………………….. (play) golf for ten years.
7. Mrs Tay ………………….. (cook) since early morning.
8. We ………………….. (shop) here since 1995.
9. Jason ………….. (take) karate lessons since he was five.
10. The pupils ………..(decorate) the hall for the whole day.
11. It ………………….. (rain) heavily since this morning.
12. He ………………….. (talk) continuously for four hours!

Exercise (2) Read the situations and complete the sentences.

1. It's raining. The rain started two hours ago.
   It's been raining for two hours.
2. We are waiting for the bus. We started waiting 20 minutes ago.
   We ……………………………………………for 20 minutes.
3. I'm learning Japanese. I started classes in December.
   I ……………………………………………… since December.
4. Jessica is working in a hotel. She started working there on 18 January.
   ………………………………………………since 18 January.
5. Our friends always go to Italy for their holidays. The first time was years ago.
   ……………………………………………………… for years.

Exercise (3) Put the verb into the present perfect continuous.

1. Where have you been? ………………… (you/play) tennis?
2. Amy is writing emails. ……(she/write) emails all morning.
3. Look! ……………………..(somebody/break) that window.
4. The ground is wet. ………………………….. (it/rain)
5. Why are you so tired? What ……………………..(you/do)?




Simple Past Tense (ရိုးရိုးအတိတ်ကာလ)

- The simple past tense is used in the following cases.
  To express an action that happened in the past. (အတိတ်မှာဖြစ်ခဲ့သည့် ပြုလုပ်ချက်ကို ဖော်ပြရာတွင် ရိုးရိုးအတိတ်ကာလ (Simple Past Tense) ကိုသုံးသည်။)

ဥပမာ –

- James Watt invented the steam engine.
- The Allied countries won the Second World War.
- Myanmar got independence in 1984.

## VOCABULARY (ANTONYMS)

1. lead (ဦးဆောင်သည်) ၊ follow (နောက်ကလိုက်သည်။)
2. least (အနည်းဆုံး)၊ most (အများဆုံး)
3. lend (ချေးသည်)၊ borrow (ငှားယူသည်)
4. level (မျက်နှာပြင်ညီသော)၊ steep (မတ်စောက်သော)
5. life (အသက်၊ ဘဝ)၊ death (သေဆုံးခြင်း)
6. liquid (အရည်ဖြစ်သော)၊ solid (အစိုင်အခဲဖြစ်သော)
7. long (ရှည်သော)၊ short (တိုသော)


*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "something wrong with my car"

**ဒီတစ်ပတ်မှာတော့ something wrong with my car အကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about 'something wrong with my car' ဆိုပြီး ဖော်ပြလိုက်ပါတယ်။**




*Is there something wrong*
*Let me have a look*
*I used to be*
*I really appreciate your help*
*it was my pleasure to help you*

Is there something wrong

၁။ တစ်ခုခုဖြစ်တာလား၊ ဘာဖြစ်တာလဲ စသည်ဖြင့် မေးတဲ့အခါမှာ Is there something wrong ဆိုပြီး မေးနိုင်ပါတယ်။ Is there something wrong ရဲ့နောက်မှာ with နဲ့တွဲပြီး ကိုယ်ပြောချင်တဲ့ဟာကို ထည့်ပြောရပါတယ်။ ဥပမာ –

- Is there something wrong with your car?

Let me have a look

၂။ ကြည့်ပါရစေ။ ကြည့်မယ်နော်ဆိုပြီး ပြောတဲ့အခါမှာ Let me have a look ဆိုပြီး ပြောနိုင်ပါတယ်။

ဥပမာ –

- Let me have a look, maybe I can fix it.

I used to be

၃။ အရင်တုန်းက လုပ်ခဲ့ဖူးတယ်။ ဖြစ်ခဲ့ဖူးတယ်ဆိုပြီး ပြောတဲ့အခါမှာတော့ I used to be နဲ့ပြောပါတယ်။

ဥပမာ –

- I used to be a mechanic a few years ago.

I really appreciate your help

၄။ မင်းရဲ့အကူအညီကို တကယ့်ကို ကျေးဇူးတင်ပါတယ်ဆိုပြီးပြောတဲ့အခါမှာ ဒီလိုမျိုး သုံးနိုင်ပါတယ်။

ဥပမာ –

- I really appreciate your help.

It was my pleasure to help you

၅။ မင်းကိုကူညီရတာ ငါဝမ်းသာပါတယ်ဆိုပြီး ပြောတဲ့အခါ ဒီလိုပြောနိုင်ပါတယ်။ It was my pleasure to help you. ဒီအသုံးကို နေ့စဉ်အင်္ဂလိပ်စကားပြောမှာ အတော်လေးပြောဆို သုံးနှုန်းကြပါတယ်။

ဥပမာ –

- It was my pleasure to help you.

**Conversation**

Something wrong with my car!

Paul: Hello! Is there something wrong with your car? Can I help?

Laurel: Hello! Well, yes. I was travelling from my workplace to my home, when the car suddenly stalled and wouldn't start. I think the engine stopped due to some internal failure, I am not sure. There are no garages around for miles.

Paul: Let me have a look, maybe I can fix it. I used to be a mechanic a few years ago.

Laurel: Oh, really? That's great to hear. It would be wonderful if you could fix it.

Paul: I think I fixed your car. It should be working now. You can try starting the engine.

Laurel: Really? How did you get it done so fast?

Paul: Well, it was just a minor problem.

Laurel: Wow, the car started! You're a lifesaver! I really appreciate your help. How much do I owe you?

Paul: Oh, there's no charge. It took me just a few minutes and it was my pleasure to help you.

Laurel: How can I ever repay you for your kindness?

Paul: I did nothing unusual, anyone would have done the same thing in my place.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊ တောချုပ်သုတ်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၉:၃၀** စိုက်ပျိုးရေးရာအဖြာဖြာ "ဝါးစိုက်ပျိုးအသုံးချမှုနှင့်လက်မှုအနုပညာ" (အပိုင်း-၁)
- **၀၉:၄၀** "ကြိုတင်သတိပြုကာကွယ်ပါ ဆီးချိုသွေးချိုရောဂါ"
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** "ကာတာကမ္ဘာ့ဖလား"
- **၁၁:၀၀** Economic Review
- **၁၁:၄၀** ဘဝနှင့်အနုပညာ "အားလုံးကချစ်တဲ့ဒီကောင်မလေး ထပ်ဆင့်တေးသံရှင်အကယ်ဒမီချိုပြုံး"(အပိုင်း-၂)
- **၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၁၀)
- **၁၃:၃၀** MRTV National News
- **၁၄:၅၀** မျိုးဇုက်တင့်စေဆိုကရေးတီးအငွေ
- **၁၅:၁၅** "၂၀၂၂ခုနှစ်၊(၃၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ(အကြိုဗိုလ်လုပွဲ) အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၁၅** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၃၇)
- **၂၀:၀၀** ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ

**mitv**

- **07:01** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- **07:10** Goldsmith
- **07:15** Listening Pleasure, Instrumental Music (Mandolin) Maryarma
- **07:26** Myanmar's Traditions and Culture: Novicehood in Myanmar
- **07:50** ASEAN Information Exchange Initiative: Promoting Regenerative Tourism in ASEAN
- **08:01** News
- **08:28** The Recycle Art: Tyre
- **08:44** Millennia Pauk-Phaw Friendship (Thatbyinnyu Temple)
- **08:49** Orphanage
- **09:01** Buddha Image Built Of Bamboo Strip
- **09:14** Today Myanmar: Save The Palms
- **09:26** Mahavihara: From Forest Monastery to Dhamma-Vinnya University
- **10:01** News
- **10:27** Dhammayangyi Temple
- **10:45** Perspectives: Generating Cash Flow from Homestead Livestock Farming Choral Dance (Three Duets)

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရှေးဟောင်းသမိုင်းဝင်ဆန္ဒန်အိုင်

**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တာရှန်းရှိရာတောင်တက်ကပွဲ

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
အစွမ်းထက်တဲ့ရေတ်ကောင်းအကြောင်းသိကောင်းစရာ

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဘာသာစကားပြောကြရအောင်(အပိုင်း-၅)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အိပ်မက်ကကြိုးကာနဲ့သူ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)

**"ဝ" (၁၅:၀၀)မှ(၁၇:၀၀)ထိ**
အားလူးဟင်းချက်နည်း

**ကချင် (၁၇:၀၀)မှ (၁၉:၀၀)ထိ**
လချိဒိရှိရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀)မှ(၂၁:၀၀) ထိ**
ရွှေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်

**စကောကရင် (၂၁:၀၀)မှ (၂၂:၀၀)ထိ**
ဒေသတစ်လွှားစိတ်ဝင်စားစရာများ(အပိုင်း-၁၈)

**အနောက်ပိုးကရင် (၂၂:၀၀)မှ(၂၃:၀၀)ထိ**
ဘဝကိုအရှုံးမပေးသူနန်းခိုင်နှင်းဝေ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၀၈:၄၅** ဒေသထွက်ကုန်မှသည်နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၁၅** ကြိုတင်သတိပြုကာကွယ်ပါ ဆီးချိုသွေးချိုရောဂါ
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လူမိုက်တို့သွားရာလမ်း"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၃)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** "အအတွေးအမြင်"အပိုင်း(၃)

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၄၅** ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားထူးချွန်ဆုရရှိသူများ၏ စကားသံများ
- **၀၇:၀၀** "စိုက်ပျိုးမွေးမြူသုတဘဏ်"
- **၀၇:၅၀** အာဟာရနေ့စဉ်ပြည့်စွက် သဘာဝဆေးကောင်းတစ်လက်လိမ္မော်သီးအကြောင်း
- **၀၈:၀၀** လှိုင်သာယာစက်မှုဇုန်မှ အားပြည့်ဆန်ထုတ်လုပ်မှု
- **၀၈:၁၅** တစ်ဆစ်ကြံစိုက်ပျိုးတောင်သူဝင်ငွေတိုး
- **၀၉:၂၅** နဂါးမောက်စိုက်ပျိုးဝင်ငွေတိုး

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၁၅:၁၅** "၂၀၂၂ခုနှစ်၊(၃၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ(အကြိုဗိုလ်လုပွဲ) အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)
- **၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
Education Channel တို့ နေ့စဉ်တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအာမခံထားရှိခြင်းဖြင့် ငွေကြေးကာကွယ်မှုရနိုင်

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်က ကြီးမှူး၍ သင်္ဘောသားများ အသက်အာမခံထားရှိမှု လုပ်ငန်းများဆိုင်ရာ သိကောင်းစရာဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် Capital Taiyo Life Insurance Myanmar မှ Assistant Manager ဒေါ်ထွန်းအိန္ဒြာခင်က သင်္ဘောသားများ အသက်အာမခံထားရှိမှုဆိုင်ရာလုပ်ငန်းစဉ်ကို ရှင်းလင်းဟောပြောရာတွင် နိုင်ငံတကာပင်လယ်ပြင်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားများ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုအတွက် အသက်အာမခံထားရှိခြင်းသည် အာမခံထားရှိသူအတွက်ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ၊ အာမခံထားသူမမျှော်မှန်းနိုင်သော အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့သောအခါတွင် အာမခံထားသူနှင့် ၎င်း၏မိသားစုအတွက် ငွေကြေးကာကွယ်မှုရရှိနိုင်မည့်အခွင့်အလမ်းတို့ကို ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ဖြည့်စွက်ရှင်းလင်းပြောကြားရာတွင် သင်္ဘောသားအလုပ်သမားများ လျော်ကြေးနစ်နာကြေးရလိုခြင်းတို့ကိုအဖွဲ့ချုပ်မှ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်းပြောကြားပြီး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သင်္ဘောသားတစ်ဦးက လျော်ကြေးနစ်နာကြေးရရှိခဲ့မှုဖြစ်စဉ်ကို ရှင်းလင်းပြောကြားသည်။ **မျိုးမင်းသူရ**

# ပုသိမ်မြို့နယ်၌ ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြော

**ပုသိမ် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ဝါးယားချောင်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) သတ္တမနှစ်အဖြစ် အရင်းမပျောက် မတည်ချေးငွေကျပ်သိန်း ၄၀၀ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျေးရွာတွင် နိုဝင်ဘာ ၁၁ ရက်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဆက်လက်ပြီး ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ဝါးယားချောင်းကျေးရွာရှိ ရေလုပ်သားများကို ငါးသယံဇာတ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဟောပြောခဲ့ပြီး မျှောပိုက် ရေလုပ်သားများအား ငါးသားလောက် ဖမ်းဆီးရရှိမှုအခြေအနေများကို မေးမြန်းစစ်တမ်း ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၁၁ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၀၆၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၀၇၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၅၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၆၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၀ ကျပ် | ၂၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၅ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၅ ကျပ် | ၂၁၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၅၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၁၀၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၂ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၄ . ၀၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၄ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၉၃၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၃၉၆ | ၁၂၅၆၄၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၈၅၈၀ | ၂၉၁၇၂၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁ | ၇၇၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၆၇ | ၁၃၀၆၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၅၄၀ | ၁၄၅၈၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၀ | ၃၄၃၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများကို MV. PACIFIC RAPIER ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၂.၇၂၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၁၉.၉၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၅.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၅၈.၄၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၄.၂၀၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၅၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၅၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၄.၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၁.၂၇၂ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၆.၇၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၀၁.၈၇၂ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၉.၄၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၂.၃၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၁.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၃.၇၁၂ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection. လုပ်ငန်းများအား MV. PACIFIC RAPIER ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ၃၆ လက်မပိုက်လိုင်းကို Acoustic Survey Operations လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေအထိ ပိုက်လိုင်းတစ်လျှောက်ကို M.V. HAILEY SARAH ဖြင့် 36" Pipe Line Acoustic Survey Operations ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point Yadana Platfrom မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၃.၁၉၃၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၈.၁၃၆၄၄ စက္ကန့်နှင့် Daminseik Shore မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၂၁.၆၂၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် ၂၇.၁၈၃၆၈ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၃၆ လက်မပိုက်လိုင်းကို Acoustic Survey Operations လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရတနာပလက်ဖောင်းမှ ဓမင်းဆိပ်ကမ်းခြေအထိ ပိုက်လိုင်းတစ်လျှောက်အား M.V. HAILEY SARAH ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းတစ်လျှောက်၏ ဘေးဘယ်ညာ ၂.၅ မိုင်ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၇ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၈ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီ ဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ၅၁ ဒီဂရီ ဖာရင်ဟိုက်မှ ၆၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ဒီဂရီ ဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ချင်းပြည်နယ်တို့တွင် ၁၉ မီလီမီတာမှ ၂၈ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၈ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၃၉ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိခဲ့ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# မာန်အောင်မြို့နယ်၌ မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်း

**မာန်အောင် နိုဝင်ဘာ ၁၃**

မာန်အောင်မြို့နယ် ခအုန်းမော်ရွာသစ်ကျေးရွာရှိ တောင်သူဦးမောင်သိန်း၏ လယ်မြေတွင် ဆင်းသွယ်လတ်မျိုးစပါးကို မျိုးစေ့ထုတ်နည်းပညာဖြင့် စိုက်ပျိုးဆောင်ရွက်ထားသည့် မိုးစပါးစိုက်ခင်း၌ မြို့နယ်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဗိုလ်မှူးသူရိန်စိုးက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက မိုးစပါး စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် စပါး ၁၀၀ ဒသမ ၀၂ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရမ်းဗြဲ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီး

**ရမ်းဗြဲ နိုဝင်ဘာ ၁၃**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိသော မြို့တောင်ရင်းကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) သွားလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။

မြို့တောင်ရင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူပူးပေါင်း ပါဝင်ငွေကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၁၂၅ သိန်းဖြင့် အလျားပေ ၅၀၀၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်း အထက (ခွဲ) ကျောင်းသွား လမ်းခင်းခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လုပ်ငန်းများ ပြီးစီးနေမှုအား မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ခံဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

**ကိုထွန်း**

# လှိုင်ကော်မြို့၌ ငလျင်ဘေးအန္တရာယ်ကာကွယ်ရေး သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်

**လှိုင်ကော် နိုဝင်ဘာ ၁၃**

ကယားပြည်နယ်အတွင်း ငလျင်ဘေးအန္တရာယ် ကျရောက်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ကြီးမှူး၍ သဏ္ဍာန်တူသရုပ်ပြ လေ့ကျင့်မှုကို အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) ၌ နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးဖြစ်ပွားလာ ပါက ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် လုပ်ငန်းကော်မတီများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ် ကြောင်း၊ အဆောက်အအုံများကို ငလျင်ဘေးဒဏ်ခံနိုင် စေသည့် တည်ဆောက်ရေး စံနှုန်းများအတိုင်း တည်ဆောက်ခြင်းနှင့် သဏ္ဍာန်တူသရုပ်ပြလေ့ကျင့် ခြင်းများ ကြိုတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက သက်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုအဖွဲ့များအနေဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင် ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။(ယာပုံ)

ထို့နောက် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ လေ့ကျင့်မှုများဖြစ်သည့် မြေလျင်လှုပ်ခတ်၍ သတိ ပေးခရာသံမြည်ခြင်း၊ ဘေးကင်းလုံခြုံအောင် နေရာ ယူခြင်း၊ ဦးဆောင်သူခေါင်းဆောင်များက အသိပေး နှိုးဆော်ခြင်း၊ အဆောက်အအုံအတွင်းမှ ဘေးလွတ် ကင်းသည့်နေရာသို့ ထွက်ခွာခြင်း၊ ရှာဖွေကယ်ဆယ် ရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကျရောက်ရာ နေရာသို့ရောက်ရှိ ကယ်ဆယ်ခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိသူများကို ရှေးဦးသူနာပြုစုပေးခြင်းနှင့် ဆေးကုသ ပေးခြင်း၊ ယာယီခိုလှုံရာ ကယ်ဆယ်ရေးစခန်းသို့ နေရာချထားပေးခြင်း၊ စားစရာဝေငှခြင်း၊ မီးမလောင်



စေရန်အတွက် ရေမှုန်ရေမွှားဖျန်းခြင်းစသည် တို့ကို အားကစားနှင့်ကာယပညာသိပ္ပံ (လှိုင်ကော်) ကျောင်းရှိ စာသင်ဆောင်နှင့် အိပ်ဆောင်အတွင်း၌ မီးသတ်တပ်ဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဝန်ထမ်းများ၊ နည်းပြများ၊ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်း လေ့ကျင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

---

# ကရင်နှစ်သစ်ကူးနေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘားအံ နိုဝင်ဘာ ၁၃**

ကရင်အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အစဉ်အဆက်ထိန်းသိမ်းလာခဲ့သော သမိုင်းဝင် နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည့် ပြာသို လဆန်း ၁ ရက်နေ့တွင် ကျရောက်မည့် ကရင် အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ရှိ သီရိကွင်းအတွင်း၌ အနှစ်သာရပြည့်ဝစွာ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ် ကြောင်း နိုဝင်ဘာ ၁၁ ရက် က ပြည်နယ်အစိုးရ အဖွဲ့ရုံးအစည်းအဝေးခန်းမ (၂)၌ ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခင်နှစ်များ ထက် အနှစ်သာရပြည့်ဝ၍ ပိုမိုစည်ကား သိုက်မြိုက် သော ကရင် အမျိုးသားနှစ်သစ်ကူး နေ့အခမ်းအနားဖြစ်စေရေး တက်ရောက်လာ သော ကော်မတီဝင်များအနေဖြင့် အကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း၊ ကရင်အမျိုးသား အလံတင်အခမ်းအနား၊ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား၊ ဖီးဗူးယော်ကောက်သစ်စားပွဲ အခမ်းအနားတို့ကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအတိုင်း ကျင်းပမည်ဖြစ်ကြောင်း၊ လိုအပ်သည်များ ကြိုတင်ပြင်ဆင်၍ တက်ရောက်လာသူ အားလုံးကို ကရင်ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံရန်၊ ပြခန်းများ ဖွင့်လှစ်ပြသ၍ ကရင်တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ကရင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ကို ထင်ဟပ်ပေါ်လွင်အောင် အကျယ်တဝင့် ခင်းကျင်းပြသရန်၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများ ကိုလည်း ထည့်သွင်းဆောင်ရွက်ရန် အမှာ စကားပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးများက ကရင် နှစ်သစ်ကူးနေ့အခမ်းအနားကို အနှစ်သာရ ပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ နိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး အထောက်အကူပြု လုပ်ငန်းကော်မတီ (အတွင်းရေးမှူး) များက သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက် ကြမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များ အပေါ်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

---

## ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စု ၅၀၀ အား ဒုတိယအကြိမ် အခြေခံစားကုန်များ ထောက်ပံ့

**ရေနံချောင်း နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံလူတန်းစားအိမ်ထောင်စု ပြည်သူများ၏ စားဝတ်နေရေး အထိုက်အလျောက်ပြေလည်စေရန် ရည်ရွယ်၍ အခြေခံစားကုန်များ ထောက်ပံ့ပေးလျက်ရှိရာ ရေနံချောင်း မြို့နယ်အတွင်းရှိအခြေခံအိမ်ထောင်စု ၅၀၀ အား ဒုတိယအကြိမ် စားကုန် များ ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိမိတို့မြို့နယ်အတွင်းရှိ အခြေခံအိမ်ထောင်စု ၅၀၀ ၏ စားဝတ်နေရေးပြေလည်စေရန်အတွက် ပြည်သူများ လက်ဝယ် အရောက် ပထမအကြိမ်စားကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ရေနံချောင်း တက္ကသိုလ်၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ယခုစားကုန်များ ထောက်ပံ့ ပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး အခြေခံအိမ်ထောင်စုများအနေဖြင့် အထောက်အကူတစ်ခုဖြစ်မည်ဟု ယုံကြည်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ တို့ကို အခြေခံ လူတန်းစားအိမ်ထောင်စု ၅၀၀ မှ ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မြို့နယ် (ပြန်/ဆက်)

---


# မဲစာရင်းမှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာများ ကြပ်မတ်ဆောင်ရွက်ရန်လို

**ပဲခူး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီးအတွင်း မဲစာရင်း မှန်ကန်စေရေးအတွက် မြေပြင်လူဦးရေ စာရင်းတိုက်ဆိုင်စစ်ဆေး ကောက်ယူခြင်း ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယ ဝန်ကြီးချုပ်၏ မဲစာရင်းမှန်ကန်စေရေး အတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင် စစ်ဆေးကောက်ယူခြင်းဆိုင်ရာ အစည်း အဝေး လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်စေရန် အိမ်ထောင်စု စာရင်းပုံစံ(၆၆/၆) များကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန၏ Server မှ ပြန်လည်ထုတ်ယူပြီး မြေပြင်အခြေအနေအမှန်နှင့် တိုက်ဆိုင် စစ်ဆေးကာ တိုက်ဆိုင်စစ်ဆေးပြီးသည့် ပုံစံ(၆၆/၆) လူဦးရေစာရင်း အမှန်ကို အမျိုးသားဒေတာဘေ့စ် ပင်မဆာဗာသို့ ပြန်လည်ထည့်သွင်းရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို ရပ်ကွက်/ ကျေးရွာများအလိုက် မြေပြင်စာရင်း စစ်ဆေးကောက်ယူနိုင်ရေး Working Group များအား သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့ များဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ် ကြောင်း၊ စာရင်းဇယားများ လုပ်ကိုင် ဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ် ကြီးကြပ်ရေးအဖွဲ့များက ကြီးကြပ်ဆောင်ရွက်ရန် လိုအပ် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လွတ်လပ်ပြီး မျှတသောရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြား သည်။

ထို့နောက် တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) ကို အခြေခံ၍မဲစာရင်းမှန်ကန်စေရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေး ကောက်ယူခြင်း ဆောင်ရွက်မည့်လုပ်ငန်း စဉ်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသ ကြီး ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ခံ အရာရှိက မဲစာရင်းဆိုင်ရာအချက်အလက် များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌများက ခရိုင်အတွင်း



မြို့နယ်အလိုက် မဲစာရင်းမှန်ကန်စေရေး အတွက် Working Group အလိုက် ဖြန့်ခွဲ ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကာ တိုင်း ဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။


**တင်စိုး(ပဲခူး)**

# မိုက်ခရိုဆော့ဖ်က ပြင်ဆင်ချက်များပါသော ဝင်းဒိုး ၁၁ စမ်းသပ်ဗားရှင်းတစ်ခုကို ဖြန့်ချိ

မိုက်ခရိုဆော့ဖ်သည် လက်ရှိထုတ်ထားသော ဝင်းဒိုး ၁၁ တွင် ပါဝင်နေသော အမှားအယွင်းအချို့ကို ပြင်ဆင်ထားသည့် စမ်းသပ်ဗားရှင်းသစ်တစ်ခုကို နိုဝင်ဘာ ၁၁ ရက်က စတင်ဖြန့်ချိလိုက်သည်။ မိုက်ခရိုဆော့ဖ်၏ ဝင်းဒိုးဗားရှင်းအသစ်များကို စမ်းသပ်အသုံးပြုသူများအတွက် ချန်နယ်ဖြစ်သော Release Preview ချန်နယ်၌ Windows 11 build 22000.1279 ကို ဖြန့်ချိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗားရှင်းသစ်တွင် Microsoft Direct 3D 9, Client, Firewall ဝန်ဆောင်မှုနှင့် Start Menu အက်ပလီကေးရှင်းများအတွက် အပြောင်းအလဲများ စသည်တို့ အပါအဝင် လက်ရှိ Windows 11 ၏ အဓိကနယ်ပယ်များစွာကို လွှမ်းခြုံထားသော ပြင်ဆင်ချက် ၁၀ ခု ပါဝင်ကြောင်း သိရသည်။

အဓိက ပြင်ဆင်ချက်များမှာ Client စက်များအတွက် Quick Assist အက်ပလီကေးရှင်းကို ပံ့ပိုးပေးထားခြင်း၊ မိုက်ခရိုဆော့ဖ် စတိုးတွင် အပ်ဒိတ်ချို့ယွင်းချက်အချို့ကို ပြင်ဆင်ထားခြင်း၊ ဘာသာစကားပက်ကေ့ချ်များကို အပ်ဒိတ်ယူပြီးလျှင် အော့ဖ်လိုင်းအသုံးမပြုနိုင်မှုကို ပြင်ဆင်ထားခြင်း၊ ဂရပ်ဖစ်ပိုင်းတွင် Direct 3D 9 (D3D9)နှင့်ပတ်သက်သည့် ပြဿနာများကို ပြင်ဆင်ထားခြင်း၊ ညာဘက်ကပ်ရေးသော ဘာသာစကားများ အသုံးပြုရာတွင် Start menu အလုပ်မလုပ်မှုကို ပြင်ဆင်ထားခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။




မိုက်ခရိုဆော့ဖ်အနေဖြင့် ဝင်းဒိုး ဗားရှင်းအသစ်များ ထုတ်လုပ်ရာတွင် Windows insider Program ဟုခေါ်သည့် စမ်းသပ်သုံးစွဲသူ ပရိုဂရမ်မှနေ၍ ချန်နယ်သုံးခုဖြင့် အကြိမ်ကြိမ် စမ်းသပ်ပြီးမှ ထုတ်လုပ်သော်လည်း လက်တွေ့အသုံးပြုမှုတွင် အဆင်မပြေမှုများ ရှိနေဆဲဖြစ်သည်။

ထိုသို့ အဆင်မပြေမှုများအတွက် အပ်ဒိတ်များကိုလည်း Windows insider Program တွင် ထပ်မံစမ်းသပ်၍ ထုတ်ပေးခြင်းဖြစ်ကာ ယခုထုတ်လုပ်သည့် ဗားရှင်းအသစ်ကိုလည်း Release Preview ချန်နယ်၌ စမ်းသပ်ပြီးပါက မကြာမီ ကမ္ဘာတစ်ဝန်းမှ အသုံးပြုသူများ ရရှိနိုင်မည်ဖြစ်သည်။

**ကိုစိုး၊ ကိုးကား – xda-developers**

# MIUI 14 စတင်ထွက်ရှိမည့် ရက်စွဲနှင့် အစောဆုံးရမည့် ဖုန်းများစာရင်း ထပ်မံထွက်ရှိလာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

Xiaomi နှင့် Redmi ဖုန်းများအတွက် အန်းဒရွိုက် ၁၃ ကို အခြေခံသော MIUI 14 အပ်ဒိတ်သည် နိုဝင်ဘာ ၁၉ ရက်က ဖုန်းမော်ဒယ်အချို့အတွက် ပထမဆုံး စတင်ထွက်ရှိလာမည်ဖြစ်ကာ အဆိုပါအပ်ဒိတ်ကို ရရှိနိုင်မည့်ဖုန်းမော်ဒယ်များနှင့် အစဉ်လိုက် အပ်ဒိတ်ရနိုင်မည့် ဖုန်းမော်ဒယ်များစာရင်းလည်း နိုဝင်ဘာ ၈ ရက်က ထွက်ရှိလာပြီး ထိုစာရင်းတွင် ပြည်တွင်းဈေးကွက်၌ ကျယ်ပြန့်စွာ ရောင်းချထားပြီးသော ဖုန်းအများအပြားလည်း ပါဝင်နေသည်။

Xiaomi သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်း အန်းဒရွိုက် ၁၃ အခြေခံ MIUI 14 ကို တရုတ်နိုင်ငံအတွင်းရောင်းချထားသော Xiaomi 12 နှင့် Redmi K50 စီးရီးမှ ဖုန်းမော်ဒယ် ခြောက်မျိုးတွင် စတင်စမ်းသပ်ခဲ့ပြီးဖြစ်ရာ ပထမဆုံးထွက်ရှိမည့် အပ်ဒိတ်ကို အဆိုပါ ဖုန်းမော်ဒယ်ခြောက်မျိုး၏ တရုတ်နိုင်ငံအတွင်းမှ China ROM ဖုန်းများနှင့် Xiaomi 13 စီးရီးမှ Xiaomi 13 နှင့် 13 Pro တို့တွင် ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ဈေးကွက်ထဲမှ Global ROM ဖုန်းများအတွက်မူ ဒီဇင်ဘာလ သို့မဟုတ် ၂၀၂၃ ခုနှစ်အတွင်းမှသာ အပ်ဒိတ်ရနိုင်မည် ဖြစ်သည်။




ပထမဆုံး အပ်ဒိတ်ရမည့် မော်ဒယ်ခြောက်မျိုးမှာ Xiaomi 12 စီးရီးမှ 12S, 12S Pro, 12S Ultra နှင့် Redmi K50 စီးရီးမှ K50, K50 Pro, K50 Ultra တို့ဖြစ်သည်။ ဆက်လက်၍ အပ်ဒိတ်ရရှိမည့် ဖုန်းများမှာ Xiaomi တံဆိပ်တွင် Xiaomi 12၊ 12 Lite၊ 12 Pro၊ 12X, 12T၊ 12T Pro တို့ဖြစ်ပြီး Xiaomi 11 စီးရီးများ၊ MIX Fold 2 ခေါက်ဖုန်း၊ Civi, Civi 1S နှင့် Civi 2, Xiaomi Mi 10 စီးရီးမှဖုန်းများနှင့် Xiaomi Pad 5 တက်ဘလက်စီးရီးများဖြစ်သည်။

Redmi တံဆိပ်တွင် Redmi Note 11 စီးရီးများ၊ Note 10 စီးရီးများ၊ Note 9 စီးရီးမှ မော်ဒယ်အချို့၊ Redmi K50 စီးရီးမှ ဖုန်းအားလုံး၊ Redmi K40 နှင့် K30 စီးရီးမှ မော်ဒယ်အချို့၊ Redmi Note 8 (2021)၊ Redmi 10 စီးရီးမှ မော်ဒယ်အချို့၊ Redmi 9 စီးရီးတွင် 9T နှင့် 9Power မော်ဒယ်နှစ်မျိုး ဖြစ်သည်။

POCO တံဆိပ်တွင် POCO M3 နှင့် M3 Pro 5G၊ M4 5G နှင့် M4 Pro 4G၊ M5 နှင့် M5s၊ X4 GT နှင့် X4 Pro 5G၊ M4 Pro 5G၊ X3၊ X3 NFC၊ X3 Pro၊ X3 GT၊ F4၊ F3၊ F3 GT၊ C40 နှင့် C40+ ဖုန်းများက MIUI 14 အပ်ဒိတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အပ်ဒိတ်စာရင်းမှာ Xiaomi မှ တရားဝင်ထုတ်ပြန်ကြေညာခြင်းမဟုတ်သော်လည်း အောက်တိုဘာ ၂၇ ရက်မှစ၍ Xiaomi က MIUI 13 အတွက် ဘီတာဗားရှင်းအသစ်များ ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်သည့် သတင်းနှင့် တရုတ်နိုင်ငံအတွင်းမှ Xiaomi သတင်းများကို အခြေခံ၍ နိုင်ငံတကာမှ နည်းပညာဖိုရမ်ကြီးများနှင့် သတင်းဝက်ဘ်ဆိုက်များက ထုတ်ပြန်ထားသော သတင်းဖြစ်သည်။ MIUI 13 အတွက် ဘီတာဗားရှင်းအသစ်များ ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် Xiaomi အနေဖြင့် MIUI 14 တွင်သာ အာရုံစိုက်သွားတော့မည်ဖြစ်သည်။

**ကိုစိုး၊ ကိုးကား – miuirom.org**

# MPT က တန်ဆောင်တိုင်အထိမ်းအမှတ်အဖြစ် ဘိုးဘွားရိပ်သာများနှင့် အခြားလိုအပ်သောနေရာများသို့ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

MPT သည် တန်ဆောင်တိုင်ကာလ အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၈ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်းလုံးရှိ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ဂေဟာများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပြီး ကျပ်သိန်း ၅၅၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များနှင့် ငွေများ၊ ဦးထုပ်၊ နှာခေါင်းစည်းနှင့် တဘက်များကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းမှု လုပ်ငန်းစဉ်တစ်ခုလုံးကို နိုင်ငံတစ်ဝန်းရှိ MPT ၏ ရုံးခွဲများအသီးသီးက ဆောင်ရွက်ခြင်းဖြစ်ပြီး MPT အနေဖြင့် စက်တင်ဘာလအတွင်းကလည်း မျက်စိစမ်းသပ်ခန်း၌ အသုံးပြုသည့် အမေရိကန်ဒေါ်လာ ၄၈၀၀ တန်ဖိုးရှိ Non-contact Tonometer (NCT) CT-800 ရေတိမ်တိုင်းစက်ကို မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)သို့ လှူဒါန်းခဲ့ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့လည်း လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များအတွက် ကျပ်သိန်း ၅၀၀ ကို လှူဒါန်းခဲ့ကြောင်း၊ လူမှုအကျိုးပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **ကျော်ဇင်ဦး**

## New Product

# နိုင်ငံတကာဈေးကွက်နဲ့အတူ ရောင်းချနေတဲ့ Huawei Nova Y61

ဟွာဝေးရဲ့ Nova Y61 ဟာ နိုင်ငံတကာဈေးကွက်မှာ အခု နိုဝင်ဘာလဆန်းအတွင်း စတင်မိတ်ဆက်ခဲ့သလို ပြည်တွင်းဈေးကွက်မှာလည်း တပြိုင်တည်း မိတ်ဆက်ရောင်းချနေတဲ့ တန်ဖိုးသင့် စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ အန်းဒရွိုက်အခြေခံမဟုတ်လို့ Google Service တွေကို မရရှိနိုင်တာကလွဲရင် စွမ်းဆောင်ရည်နဲ့ ဈေးနှုန်းပိုင်း သင့်တော်တာကြောင့် စိတ်ဝင်စားမှုများနေတဲ့ Nova Y61 ရဲ့ အသေးစိတ်အချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၂ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 720 x 1600 pixels |
| စက်လည်ပတ်စနစ်(OS) | Harmony OS 3.0, EMUI 12 (no Google Play Services) |
| CPU | Octa-core |
| RAM နဲ့ မင်မိုရီ | 6/64 |
| ပင်မ ကင်မရာ | 50 + 2 +2 MP(Triple Camera) |
| ဆယ်လ်ဖီကင်မရာ | 5 MP |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 5000 mAh |
| အားသွင်းစနစ် | 22.5W အမြန်နှုန်း |

Nova Y61 ကို နိုင်ငံတကာဈေးကွက်မှာ RAM 4GB နဲ့ 6GB နှစ်မျိုးခွဲပြီး ထုတ်ထားပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ RAM 6GB တစ်မျိုးတည်းကိုပဲ ရောင်းချနေပါတယ်။ RAM ပမာဏများတာ၊ ဘက်ထရီပမာဏများပြီး အားသွင်းစနစ်ကောင်းမွန်တာ၊ ကင်မရာစွမ်းဆောင်ရည် ကောင်းမွန်တာ၊ လက်ဗွေစနစ်ဟာ ဘေးဘက်မှာ ပါဝင်တာနဲ့ ဈေးနှုန်းသင့်တင့်တာ စတဲ့အချက်တွေက ဒီဖုန်းရဲ့ အားသာချက်တွေဖြစ်ပြီး Google Service တွေ မရနိုင်တာကတော့ အားနည်းချက်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အပိုလက်ဆောင်ပေးတဲ့ အစီအစဉ်တွေနဲ့အတူ ဈေးနှုန်း ကျပ် ၃၈၉၀၀၀ နဲ့ ရောင်းချနေပါတယ်။

**ကျော်ဇင်ဦး**



# နိုင်ငံသားတိုင်း သန့်ရှင်းသော ယင်လုံအိမ်သာရရှိရေး ဝိုင်းဝန်းဆောင်ရွက်ပေး

မေယုမျိုးအောင် (MANA)

ကမ္ဘာကြီးတွင် လွန်ခဲ့သည့် ရာစုနှစ်အတွင်း နည်းပညာသိပ္ပံနှင့် စက်မှုလုပ်ငန်းများ၌ ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုများရှိခဲ့သော်လည်း သန်းနှင့်ချီသော လူများသည် ကျန်းမာရေးနှင့် ညီညွတ်သည့် ရေအိမ်များ သုံးစွဲနိုင်ရေးအတွက် လက်လှမ်းမမီနိုင်မှု နည်းပါးဆဲဖြစ်သည်။ ရေအိမ်သည် လူတိုင်းအလေးထားသင့်သည့် နေရာဖြစ်သော်လည်း မသန့်ရှင်းသည့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ စနစ်တကျသုံးစွဲခြင်းမရှိပါက ရောဂါဘယမျိုးစုံဖြန့်ဖြူးရာ နေရာတစ်ခုဖြစ်လာပေမည်။ ထို့ကြောင့် ရေအိမ်သုံးစွဲမှု အလေ့အထကို လူတိုင်းက အလေးထားလုပ်ဆောင်ကြရန် လိုအပ်သည်။

**လူတိုင်း အိမ်သာသုံးစွဲလာရေး**

ကမ္ဘာတစ်ဝန်းတွင် စနစ်မကျသော အညစ်အကြေး စွန့်ပစ်မှုမှတစ်ဆင့် ကူးစက်ရောဂါများဖြစ်ပွား၍ မသေသင့်ဘဲ သေဆုံးနေကြရသည်။ WHO ၏ အဆိုအရ မျက်မှောက်ကာလတွင် လူသန်းပေါင်း ၂၄၀၀ ကျော်သည် ရေအိမ်ကို စနစ်တကျ သုံးစွဲနိုင်ခြင်းမရှိသေးသည့်အပြင် အိမ်သာလုံးဝမရှိသဖြင့် အဆင်ပြေသောနေရာများ၌ ဖြစ်သလိုသွားနေရသူများမှာ သန်း ၁၀၀၀ ခန့် ရှိနေသေးသည်။ ထို့ကြောင့် လူတိုင်း အိမ်သာသုံးစွဲလာရေးကို အာရုံစိုက်လာစေရန်နှင့် ၂၃၀၀ ပြည့်နှစ်တွင် လူတိုင်း ရေအိမ်သုံးစွဲနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နှစ်စဉ် နိုဝင်ဘာ ၁၉ ရက်ကို “ကမ္ဘာ့အိမ်သာနေ့” (World Toilet Day)အဖြစ် သတ်မှတ်ထားသည်။

သန့်ရှင်းသော ယင်လုံအိမ်သာမရှိခြင်းသည် ကူးစက်ရောဂါဖြစ်ပွားစေသည့် အဓိကလက်သည်ဖြစ်ပြီး ကလေးငယ်များမှာ တိုက်ရိုက်ခံစားကြရသူများဖြစ်သည်။ ကမ္ဘာတစ်လွှားတွင် လူတိုင်းအတွက် ရေချိုနှင့်ရေကောင်းရေသန့် လုံလောက်စွာရှိနေသော်လည်း ဆင်းရဲမွဲတေမှု၊ စီးပွားရေးမဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံ မပြည့်စုံမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးမရှိမှုတို့ကြောင့် နိုင်ငံအများအပြားမှ ကလေးသန်းပေါင်းများစွာသေဆုံးနေရဆဲဖြစ်သည်။ ကမ္ဘာအနှံ့ရှိ အမျိုးသမီးများ၏ သုံးပုံတစ်ပုံသည် ယခုအချိန်ထိ လုံခြုံစိတ်ချရသည့် အိမ်သာမျိုး အသုံးပြုခွင့်မရသေးပေ။ လဟာပြင်ကွင်းပြင်များ၌ အခင်းကြီး၊ အခင်းငယ်သွားနေရခြင်းကြောင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမည့်အန္တရာယ်၊ ရောဂါပိုးကူးစက်ခံရမှုနှင့် အရှက်တကွဲ အကျိုးနည်းစရာများလည်း ကြုံနေကြရကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

မြန်မာနိုင်ငံတွင် ယင်လုံအိမ်သာသုံးစွဲနိုင်မှု တိုးတက်နေသော်လည်း ကျန်းမာရေးအသိ နည်းပါးသည့် အချို့ဒေသများ၌ ရေအိမ်သုံးစွဲမှု အလေ့အထကို မလုပ်ဆောင်နိုင်သေးပေ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် ယင်လုံအိမ်သာ (ရေအိမ်) အသုံးပြုသည့် အိမ်ထောင်စုဦးရေ ၇၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး နိုင်ငံ့လူဦးရေ၏ လေးပုံတစ်ပုံခန့် ယင်လုံအိမ်သာသုံးစွဲရန် လိုအပ်နေဆဲဖြစ်သည်။

ကိုဗစ်ကပ်ရောဂါကာလ မတိုင်မီက မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားများ သန်းနှင့်ချီ၍ လာရောက်မှုရှိခဲ့သော်လည်း အဝင်အထွက်များသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေ့လာရန်စီစဉ်ထားသည့် နေရာများနှင့် အများပြည်သူဆိုင်ရာနေရာများ၌ သန့်ရှင်းသပ်ရပ်သော ရေအိမ်များ နည်းပါးနေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားဦးရေ ၅၀ လျှင် ရေအိမ်တစ်လုံးနှုန်းသာ အသုံးပြုနေရခြင်းသည် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးစေရေးအတွက် အဟန့်အတားဖြစ်နေသည်။ အိမ်သာ (သန့်စင်ခန်း) မှာ အိမ်ကိုသာယာစေသော သန့်ရှင်းစေသောနေရာဖြစ်သည်။ အိမ်များသာမက ကျောင်းကန်၊ ဇရပ် မည်သည့်နေရာမဆို သန့်ရှင်းစေမည်သာဖြစ်သည်။ အိမ်သာဆိုရုံနှင့်မပြီးသေး။ ကျန်းမာရေးရှုထောင့်အရ ယင်လုံအိမ်သာဖြစ်ဖို့ ပညာပေးခြင်းလုပ်ငန်းကို စီမံချက်ချလုပ်ဆောင်ရန် လိုအပ်သည်။

ကမ္ဘာတစ်ဝန်း၌ လူသန်းပေါင်း ၂၄၀၀ နီးပါးမှာ အိမ်သာကို စနစ်တကျသုံးစွဲနိုင်ခြင်း မရှိသေးသည့်အပြင် အိမ်သာလုံးဝမရှိသဖြင့် လဟာပြင်၊ ကွင်းပြင်များ၌ အိမ်သာအဖြစ် အသုံးပြုရန်သွားနေရသူများမှာ သန်း ၁၀၀၀ ခန့် ရှိနေသေးကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသည်။

**ကျန်းမာရေးအသိနှင့် အိမ်သာသုံးစွဲမှု**

ကမ္ဘာအနှံ့ရှိ အမျိုးသမီးများ၏ သုံးပုံတစ်ပုံမှာလည်း ယခုအချိန်ထိ လုံခြုံစိတ်ချရသည့် အိမ်သာမျိုး အသုံးပြုခွင့်မရသေးပေ။ လဟာပြင်၊ ကွင်းပြင်များ၌ အခင်းကြီး၊ အခင်းငယ်သွားနေရခြင်းကြောင့် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမည့်အန္တရာယ်၊ ရောဂါကူးစက်ခံရမှုနှင့် အရှက်တကွဲ အကျိုးနည်းစရာများလည်း ကြုံနေကြရသည်။ မြန်မာနိုင်ငံ၌လည်း ကျန်းမာရေးအသိနည်းပါးသည့် အချို့ဒေသများ၌ အိမ်သာသုံးစွဲမှုကို စနစ်တကျ မလုပ်ဆောင်နိုင်ကြသေးပေ။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတော်တော်များများမှာလည်း ဆင်းရဲမှုကြောင့် အိမ်တိုင်းမှာ အိမ်သာမရှိကြပါ။ ယနေ့တိုင် ခြံဝင်းထဲမှာ၊ ကွင်းပြင်ထဲမှာ အပေါ့သွား၊ အခင်းသွားနေကြပါသည်။ တချို့ဒေသများတွင် အန္တရာယ်ကို လွယ်ထားပြီး အလင်းရောင်ထွက်ရှိသည့်အချိန်ထိ စောင့်နေတတ်သူတွေကို တွေ့ရသည်။ အချို့ဒေသတွေမှာတော့ အိမ်သာအမည်ခံရုံ မလုံမခြုံ မခိုင်မခံ့ ယိုင်နဲ့နဲ့ အိမ်သာတွေကိုပဲ အသုံးပြုနေရသည်။ ကွင်းပြင်နှင့် ခြံဝင်းထဲမှာ အပေါ့အလေး စွန့်နေရသူတွေအတွက် မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာလည်း အိမ်သာအခွင့်အရေးဖြစ်လာပါပြီ။ Human Rights Watch – UNICEF Reports အရ ၂၀၁၅ ခုနှစ်မှာ အိမ်သာအခွင့်အရေးမရခဲ့သူ အရေအတွက်သည် ကမ္ဘာပေါ်မှာ ၂ ဒသမ ၄ ဘီလီယံခန့်ရှိသည်။ လူသန်းပေါင်း ၁၀၀၀ခန့်က မလုံမခြုံ မြင်ကွင်းထဲမှာ အပေါ့အလေးစွန့်နေကြရသည်။ ကျန်းမာရေးအရ ပြဿနာများ ဖြစ်လာပြီး အချို့သောဒေသများတွင် မုဒိမ်းကျင့်မှုကဲ့သို့ ဖြစ်ရပ်များကိုလည်း အမျိုးသမီးများ ရင်ဆိုင်ခဲ့ရသည်။

လက်တွေ့ဘဝမှာ သာမန်အဆင့်မှာသာရှိသော




**သန့်ရှင်းသော ယင်လုံအိမ်သာ မရှိခြင်းသည် ကူးစက်ရောဂါဖြစ်ပွားစေသည့် အဓိကလက်သည်ဖြစ်ပြီး ကလေးငယ်များမှာ တိုက်ရိုက်ခံစားကြရသူများဖြစ်သည်။ ကမ္ဘာတစ်လွှားတွင် လူတိုင်းအတွက် ရေချိုနှင့် ရေကောင်းရေသန့် လုံလောက်စွာရှိနေသော်လည်း ဆင်းရဲမွဲတေမှု၊ စီးပွားရေးမဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံ မပြည့်စုံမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး မရှိမှုတို့ကြောင့် နိုင်ငံအများအပြားမှ ကလေးသန်းပေါင်းများစွာ သေဆုံးနေရဆဲဖြစ်သည်။ ကမ္ဘာအနှံ့ရှိ အမျိုးသမီးများ၏ သုံးပုံတစ်ပုံသည် ယခုအချိန်ထိ လုံခြုံစိတ်ချရသည့် အိမ်သာမျိုး အသုံးပြုခွင့်မရသေးပေ**

အိမ်သာကိုပင် ဆောက်လုပ်ပေးနိုင်မှု မရှိခြင်းကြောင့် ဆင်းရဲသူများအတွက် ယင်လုံအိမ်သာများကို ယနေ့အထိ အလှမ်းမမီကြပေ။ ဆင်းရဲနွမ်းပါးသော အမျိုးသမီးအများစုမှာ လုံခြုံသော၊ သန့်ရှင်းသော အိမ်သာသုံးခွင့်ရရေးသည် ဘဝမျှော်လင့်ချက်တစ်ခုဖြစ်သည်။ အိမ်သာပြဿနာက ကျေးလက်ဒေသများ၌သာမက မြို့ပြဒေသများမှာလည်း ဖြေရှင်းဖို့လိုအပ်နေသည်။

**ချက်ချင်းလက်ငင်းလုပ်သင့်သော လုပ်ငန်း**

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ရာတွင် လောလောဆယ် ချက်ချင်းလက်ငင်းလုပ်သင့်သော လုပ်ငန်းမှာ ရေလောင်းအိမ်သာများ ဆောက်လုပ်ခြင်းအပါအဝင် သန့်ရှင်းသောရေနှင့် မိလ္လာစနစ်သုံးစွဲခွင့်ကို အများပြည်သူ ရရှိရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဆင်းရဲသူများအတွက် လိုအပ်ချက်များကို ဖော်ဆောင်ပေးသည့်နေရာမှာ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးဖို့လိုသလို သန့်ရှင်းသည့် မိလ္လာစနစ်ရရှိရေးကလည်း ပြည်သူတို့ဘဝအတွက် အရေးကြီးသည်။ ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတွင် လူဦးရေသန်း ၇၀ ရှိပြီး တစ်ကိုယ်ရည်သန့်ရှင်းမှုတွင် အရေးကြီးသော ရေချိုးကန်၊ အိမ်သာစနစ်၊ ရေဆိုးထုတ်စနစ်များ စနစ်တကျမရှိသေးဘဲ ကြုံသလိုတောထိုင်ခြင်းစနစ်သာ ရှိနေသေးသည်ဟု ယူနီဆက်ဖ်က သတင်းထုတ်ပြန်ထားသည်။

ယင်း၏ အကျိုးဆက်အဖြစ် အာဖရိကနိုင်ငံများတွင် ဝမ်းရောဂါများ ဖြစ်ပွားနေခြင်းဖြစ်သည်။ ကွန်ဂိုနိုင်ငံသာမက တစ်ကမ္ဘာလုံးတွင်လည်း ယင်းအခြေအနေမျိုးရှိနေသူ ၂၄ ဘီလီယံရှိနေသည်ဟု နိုဝင်ဘာ ၁၉ ရက်တွင် ကျရောက်မည့် World Toilet Day ကုလသမဂ္ဂ နှီးဆော်ချက်တွင် ဖော်ပြထားသည်။ ယင်းကပ်ရောဂါမျိုးသည် သန့်ရှင်းမှုမရှိသောလက်ဖြင့်ကိုင်တွယ်ရာမှ ကူးစက်ပြန့်ပွားသော ရောဂါဖြစ်သည်။ ကာလဝမ်းရောဂါဖြစ်သူ ၄၄၀၀၀ တွင် ၉၀၀ ခန့်သေဆုံးခဲ့ပြီဖြစ်သည်။ ၂၀၀၆ ခုနှစ်အတွင်း ဝမ်းရောဂါဖြစ်ပွားသူ ၂၉၀၀၀ ရှိခဲ့သည်ဟု WHO စာရင်းများအရ သိရသည်။ ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့တော်တွင် လူဦးရေ ၁၀ သန်း နေထိုင်ကြပြီး လူမှုနေထိုင်မှုပုံစံအပေါ်မူတည်ကာ အိမ်သာထားရှိမှု ကွဲပြားသွားသည်။ သန့်ရှင်းသော ရေကောင်းရေသန့်ကို သမ္မတနန်းတော်၊ သံရုံးများ၊ အစိုးရဌာနကြီးများ၊ လုပ်ငန်းရှင်ကြီးများ၏ အဆောက်အအုံများ၌သာ ရှားရှားပါးပါး ရရှိပြီး သာမန်ဆင်းရဲသားမိသားစု အဝန်းအဝိုင်းတွင် မရရှိနိုင်ပေ။ ဒေသအများစုတွင် အိမ်သာများသည် မိသားစုအိမ်ဝင်းအတွင်း၊ လမ်းအတွင်း၊ ရပ်ကွက်အတွင်း ပိတ်ဆို့မှုများ ဖြစ်ပွားစေသည်ဟူ၍ ဝေဖန်ပြောဆိုကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရန်ပုံငွေများ ချထားပေးခြင်းနှင့် နိုင်ငံခြားခရီးသွား အများဆုံး လည်ပတ်လေ့ရှိသောနေရာများ၌ သန့်ရှင်းသပ်ရပ်သည့် အိမ်သာများ ဆောက်လုပ်ပေးခြင်းကို လုပ်ဆောင်နိုင်မည်ဆိုပါက အိမ်သာယဉ်ကျေးမှု ထွန်းကားလာမည်ဖြစ်ကာ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုကိုလည်း များစွာ အထောက်အကူပြုမည်ဖြစ်သည်။ ရေအိမ်သန့်ရှင်းရေး၊ လူတိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲနိုင်ရေးသည် အမျိုးသား ကျန်းမာရေးအတွက် အရေးကြီးသည့်ကိစ္စဖြစ်သည်။ ရေအိမ်များသည် သန့်ရှင်းသပ်ရပ်မှုသာမက တစ်ဦးချင်းစီ၏ လုံခြုံမှုနှင့် လွတ်လပ်မှုရှိရမည့်နေရာ ဖြစ်သကဲ့သို့ အိမ်သာကို စနစ်တကျ အသုံးပြုခြင်းသည် လူ့အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာနှင့် လူနေမှုအဆင့်အတန်းကို ဖော်ညွှန်းရာ နေရာလည်းဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး ရေအိမ်ကို စနစ်တကျ အသုံးပြုတတ်သည့် အလေ့အထရှိစေရေး၊ အိမ်သာကို နှာခေါင်းရှုံ့စရာဟု သဘောမထားဘဲ စည်းကမ်းတကျသုံးစွဲရေး၊ အခြေခံပညာကျောင်းများတွင် ရေအိမ်အသုံးပြုမှုနှင့် စပ်လျဉ်းသည့် ကျန်းမာရေးအသိပညာပေးရေးနှင့် လက်တွေ့လိုက်နာကျင့်သုံးစေရေးတို့ကို အလေးထားလုပ်ဆောင်ရန် လိုအပ်သည်။

ကုလသမဂ္ဂက လူသားတိုင်း ယင်လုံအိမ်သာ သုံးစွဲရေးကို အာရုံစိုက်လာစေရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှစတင်ကာ နှစ်စဉ် နိုဝင်ဘာ ၁၉ ရက်ကို “ကမ္ဘာ့အိမ်သာနေ့” (World Toilet Day) အဖြစ် သတ်မှတ်ခဲ့သည်။ သန့်ရှင်းသော ယင်လုံအိမ်သာ မရှိခြင်းသည် ကူးစက်ရောဂါများ ဖြစ်ပွားစေသည့် အဓိကလက်သည်ဖြစ်ပြီး ကလေးငယ်များမှာ တိုက်ရိုက်ခံစားကြရသူများဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် လူတိုင်းအတွက် ရေချိုနှင့် ရေကောင်းရေသန့် လုံလောက်စွာရှိနေသော်လည်း ဆင်းရဲမွဲတေမှု၊ စီးပွားရေးမဖွံ့ဖြိုးမှု၊ အခြေခံအဆောက်အအုံ မပြည့်စုံမှုနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး မရှိမှုတို့ကြောင့် နိုင်ငံအများအပြားရှိ ကလေးငယ် သန်းပေါင်းများစွာမှာ သေဆုံးနေရဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးများ သေဆုံးမှုနှုန်းကို ရာနှုန်းပြည့် မလျှော့ချနိုင်သေးခြင်းမှာ အိမ်သာကို စနစ်တကျ မသုံးစွဲနိုင်ခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားသည့် မြိတ်မြို့ရှိ ငါးလေလံဈေးကို အစိုးရနှင့်လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်ပါက ထိုင်းမှငါးဈေးကွက်ကို ပြန်ယူနိုင်ဖွယ်ရှိ

**မြိတ် နိုဝင်ဘာ ၁၃**

ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့် ရထားသည့် မြိတ်မြို့ရှိ ငါးလေလံ ဈေးကို အစိုးရနှင့် လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်ပါက ထိုင်း နိုင်ငံမှ ငါးဈေးကွက်ကို ပြန်လည် ရယူနိုင်မည်ဖြစ်ကြောင်း မြန်မာ အပြည်ပြည်ဆိုင်ရာ အဆင့်မီ ငါးလေလံဈေးမှ MD ဒေါ်ဌေးဌေး ဝင်းက ပြောကြားသည်။

မြိတ်မြို့ အင်းလေးမြိုင် စက်မှု ဇုန်ရှိအပြည်ပြည်ဆိုင်ရာ ငါးလေလံ ဈေးကြီးကို အခြေခံကာ ထိုင်း နိုင်ငံတွင် ရောက်ရှိနေသည့် ငါး ဈေးကွက်ကို ပြန်ယူရန်အတွက် ကြိုးပမ်းခဲ့ကြသော်လည်း လုပ် ဆောင်နိုင်ခြင်းမရှိခဲ့ရာ လက်ရှိ အခြေအနေတွင် အစိုးရနှင့် လုပ်ငန်းရှင်များအကြား အမှန် တကယ် ပူးပေါင်းဆောင်ရွက်သင့် နေပြီဖြစ်ကြောင်း တာဝန်ရှိသူများ နှင့် လုပ်ငန်းရှင်များက ပြောသည်။

မြိတ်မြို့ အင်းလေးမြိုင် စက်မှုဇုန်တွင် မြန်မာအပြည်ပြည် ဆိုင်ရာ အဆင့်မီငါးလေလံ ဈေးကြီး တစ်ခု တည်ရှိနေပြီး နောက်ထပ် ငါးလေလံဈေးကြီး တစ်ခုလုပ် ဆောင်ရန် လုပ်ငန်းရှင်တချို့က လည်း ကြိုးစားနေကြောင်း သိရ သည်။

"ငါးလေလံဈေးကို စတင် တည်ဆောက်ကတည်းက ထိုင်း ရောက်နေတဲ့ ငါးဈေးကွက်ကို မြန်မာနိုင်ငံကို ပြန်ရောက်အောင် လုပ်ဖို့ အလုပ်အကိုင်အခွင့်အလမ်း တွေရရှိဖို့၊ နိုင်ငံတော်ကရသင့်ရ ထိုက်တဲ့ အခွန်အခတွေမှန်ကန်စွာ ရရှိဖို့ဆိုပြီး ကျွန်မတို့ရည်ရွယ် ထားခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကတည်းက လုပ်ငန်းရှိ နေခဲ့တာပါ။ ကျွန်မတို့နိုင်ငံက သယံဇာတတွေကို ထိုင်းနိုင်ငံထဲ အထိ ကုန်ကြမ်းအဆင့်နဲ့ ပို့နေရ သလို လုပ်သားတွေလည်း သွား ရောက်လုပ်ကိုင်နေရတယ်၊ မြန်မာ နိုင်ငံမှာငါးဈေးကွက် ပြန်ရောက် လာဖို့ အစိုးရကလည်း ကူညီ ပံ့ပိုးမယ်၊ လုပ်ငန်းရှင်တွေအနေ နဲ့လည်း အမှန်တကယ် လုပ် ဆောင်ကြမယ်ဆိုရင် ကျွန်မတို့ အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ။ ကျွန်မတို့ပူးပေါင်း ဆောင်ရွက်သွားမယ်ဆိုရင် ငါး ဈေးကွက် မြန်မာနိုင်ငံကို သေချာ ပေါက်ပြန်ရောက်လာမှာပါ။ မြေ ဧက ၁၀၀ ကျော်အပေါ်မှာ အခြေခံ အဆောက်အအုံတွေ၊ အအေးခန်း တွေ၊ ကုန်ချောစက်ရုံတွေ အများ ကြီး ရင်းနှီးမြှုပ်နှံလို့ရပါတယ်။ ကျွန်မတို့အနေနဲ့ ပူးပေါင်း ဆောင်ရွက်ဖို့ဖိတ်ခေါ်ပါတယ်''ဟု မြန်မာ အပြည်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေးမှ MD က ပြောကြားခဲ့သည်။



လက်ရှိ မြိတ်မြို့အပြည်ပြည်ဆိုင်ရာ အဆင့်မီ ငါးလေလံဈေး၌ ဈေးရောင်းချနေသူများ။

မြိတ်မြို့တွင် လက်ရှိလည်ပတ် နေသော အင်းလေးမြိုင် စက်မှု ဇုန်ရှိ အပြည်ပြည်ဆိုင်ရာ ငါး လေလံဈေးမှာ MIC မှ ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားပြီး မြေဧက ၁၀၀ ကျော်ပေါ်တွင် အခြေခံ အဆောက်အအုံများ၊ လေလံဈေး၊ ငါးဖမ်းလှေများ ဆိုက်ကပ်သည့်တံတားကြီးတစ်စင်း ကိုလည်း တည်ဆောက်ထား ကြောင်း သိရသည်။

"One Stop Service လုပ်နေ တဲ့ဧရိယာမှာ ငါးလေလံဈေးကို အကောင်ထည်ဖော်ဖို့ဆိုပြီး ကြိုး ပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါ တယ်၊ ဒါပေမယ့် နိုင်ငံတကာ ဈေးကွက်အထိ သွားနိုင်တဲ့လေလံ ဈေးမျိုးမဖြစ်လာတာက အဆောက် အအုံတွေ၊ အအေးခန်းစက်ရုံတွေ မတည်ဆောက်နိုင်တဲ့ အခြေအနေ ဖြစ်သလို၊ တံတားကလည်း ကမ်းကပ်နိုင်တဲ့ အခြေအနေမျိုး ကနေ အားနည်းလာတာတွေ့ရ တယ်။ ကုန်ကြမ်းကို သိုလှောင်တဲ့ အအေးခန်းတွေ၊ ရေခဲစက်တွေ ကလည်း မရှိသေးတော့ နိုင်ငံ တကာ ဈေးကွက်ကိုဖော်ဆောင် နိုင်ဖို့ဆိုတာ အားနည်းသွားတယ်။ နောက်ထပ်တစ်ခါ အများပိုင် အုပ်စုက စုပေါင်းပြီးတော့ ငါးလေလံ ဈေးအကြီးတစ်ခု တည်ဆောက်ဖို့ ဆိုပြီးတော့ အဆိုပြုလာတာ တွေ့ရတယ်။ လုပ်ငန်းတော့ စတင် နေတာမတွေ့ရသေးဘူး၊ မြေယာ ရရှိရေးအတွက်ကို ကြိုးပမ်း ဆောင်ရွက်နေတဲ့အဆင့်မှာပဲ ရှိ တယ်လို့ ကျွန်တော်သိရပါတယ်'' လို့ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီး ဌာန ဦးစီးမှူးဦးဇော်မင်းဦးက ပြောကြားခဲ့သည်။

ယခင် အစိုးရအဆက်ဆက် အကောင်အထည်မဖော်နိုင်ခဲ့သည့် အတွက် မြန်မာ့သယံဇာတများမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေးလံဈေးကြီးသည့် ပုဂ္ဂလိက တစ်ဦးတည်းပိုင်ဆိုင်ခြင်းမဟုတ် ဘဲ နိုင်ငံတော်အစိုးရ (ငါးလုပ်ငန်း ဦးစီးဌာန) က ၃၀ ရာခိုင်နှုန်း၊ တိုင်းရင်းသားလုပ်ငန်းရှင်က ၁၀ ရာခိုင်နှုန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုက ၆၀ ရာခိုင်နှုန်းပါဝင်ပိုင်ဆိုင် သည်။ အဆိုပါ ငါးလေလံဈေးမှာ ကြန့်ကြာမှုများ ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိအနေထားက ကိုယ့် ဒေသမှာ ငါးဈေးကွက်မရှိတော့၊ ဒီကငါးတွေကို ရနောင်းမှာ သွား ရောင်းနေရပါတယ်။ ရနောင်းကို သွားရောင်းရတဲ့အခါမှာ သူတို့ ဖြတ်တဲ့ သူတို့ပေးတဲ့ဈေးအတိုင်း ရောင်းနေရပါတယ်။ ဈေးပိုတောင်း လို့လည်းမရဘူး။ ဈေးနည်းရင် လည်း ပြန်သယ်လို့မရတဲ့အတွက် သူတို့ပေးတဲ့ ဈေးနဲ့ရောင်းခဲ့ရပါ တယ်။ ဒီမှာကိုယ်ပိုင် ငါးဈေးကွက် ရှိမယ်ဆိုရင်တော့ ကိုယ်ကြိုက်တဲ့ ဈေးခေါ် ရောင်းလို့ရပါမယ်။ ဒါကြောင့် ဘယ်သူပဲလုပ်လုပ် ကိုယ့်ဒေသအတွင်းမှာ ကိုယ်ပိုင် ငါးဈေးကွက် ကောင်းကောင်း တစ်ခု အမြန်ဆုံးအကောင်အထည် ဖော်ဖို့လိုအပ်နေပါတယ်" ဟု ခရိုင် ဦးစီးမှူးက ဆက်လက်ပြောကြား သည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ အုပ်စုတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည် ဆိုသော နိုင်ငံတကာအဆင့်မီ ငါး လေလံဈေးကြီးတစ်ခု တည် ဆောက်ရန် တင်ပြထားမှုအပေါ် တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်း က ဖြစ်နိုင်ဖွယ်ရှိ မရှိ ဆန်းစစ်ချက် များပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းမှာ ခုနစ်နှစ်မှ ရှစ်နှစ် အထိ ကြာမြင့်ဦးမည်ဖြစ်ကာ လက်ရှိအနေထားတွင် လယ်ယာ မြေကိစ္စများ၊ မြေယာပိုင်ဆိုင်မှုများ အတွက် ဆောင်ရွက်နေဆဲဖြစ် ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အပြည်ပြည် ဆိုင်ရာ ငါးလေးလံဈေးကြီး ပြန် လည်ရောက်ရှိလာပါက ပြည်ပ သို့ တရားမဝင်သွားရောက်မှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ် အကိုင် အခွင့်အလမ်းများကို လည်း သောင်းဂဏန်းအထိ ရရှိ နိုင်သလို တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်အနေဖြင့် အခွန်အခ များ မှန်မှန်ကန်ကန် ရရှိလာမည် ဖြစ်သည့်အပြင် တရားဝင် လမ်းကြောင်းဖြင့် ကုန်စည် ပို့ဆောင် လုပ်ကိုင်ခြင်းဖြင့် ကုန်စည်လုပ်ငန်းများလည်း ဖွံ့ဖြိုး လာမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ငါးဈေးကွက် ဖြစ်ပေါ်လာရန်နှင့် ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် အတွက် အစိုးရနှင့် လုပ်ငန်း ရှင်များအကြား ပူးပေါင်းဆောင် ရွက်ရန်လိုအပ်နေကြောင်း သိရ သည်။

မြင့်ဦး(မြိတ်)



ငါးဖမ်းသင်္ဘောများပေါ်မှ ငါးများကို ဆိပ်ကမ်း၌ သယ်ချ၍ ရောင်းချနေစဉ်။

## နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ပင်လုံ) ၌ အခြေခံမြန်မာ့သိုင်း သင်တန်းဖွင့်

**ပင်လုံ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်း ကျောင်းတို့ပူးပေါင်း၍ အခြေခံမြန်မာ့သိုင်းသင်တန်းကို နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ) ၌ နိုဝင်ဘာ ၁၂ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင်နှင့် ကျောင်းအုပ် ဆရာကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အားကစား နှင့် ကာယပညာဦးစီးဌာနမှူး ဒေါ်မိုးမိုးအေးက အားကစားဆိုင်ရာများ အသိပညာပေးဟောပြောသည်။ အဆိုပါသင်တန်းကို အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် ၁၅ ရက်တာ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၅ ဦး တက်ရောက် ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရသေ့တောင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်သုံးလျှပ်စစ်ပြုပြင်ရေး သင်တန်းဖွင့်

**ရသေ့တောင် နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူးပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်လျက် အသက်မွေးဝမ်းကျောင်း အထောက်အကူအဖြစ် အိမ်သုံးလျှပ်စစ်ပြုပြင်ရေးသင်တန်းကို နိုဝင်ဘာ ၁၀ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့် အလမ်းများ ပိုမိုရရှိစေပြီး အသက်မွေးဝမ်းကျောင်း အတွက် အထောက်အကူဖြစ်စေရေး ဖွင့်လှစ် ပေးခြင်းဖြစ်ကာ သင်တန်းသားများအနေဖြင့် သင်တန်း၌ စိတ်ပါဝင်စားစွာ တက်ရောက် သင်ကြားစေလိုကြောင်းနှင့် သင်တန်းပြီးမြောက် လျှင်လည်း လက်တွေ့အသုံးချဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါ အိမ်သုံးလျှပ်စစ်ပြုပြင်ရေး သင်တန်းတွင် ကျေးရွာအသီးသီးမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလ သုံးပတ် ကြာ ဖွင့်လှစ်ပေးကာ တာဝန်ခံဆရာများက စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးလျက်ရှိ ကြောင်း သိရသည်။

အောင်လှဖြူ (ရမ်းဗြဲ)

# ရွှေစက်တော်ဘုရားပွဲရာသီအမီ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထား

**မင်းဘူး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ရွှေစက်တော် ဘုရားပွဲတော်ရာသီအမီ မင်းဘူး(စကု)မြို့နယ်၏ သမိုင်းဝင်အထင်ကရ စေတီတော်တစ်ဆူဖြစ်သော ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးတွင် ခရီးသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း စက္ကိန်းတဲဘုရား ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။

ထိုကဲ့သို့ ဘုရားကြီးအား ခရီးသွား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရားဖူးလာခရီးသွားပြည်သူများနှင့် ဘုရားကြီး ပရိဝုဏ်အတွင်း သီတင်းဆောက်တည်လျက်ရှိကြကုန်သော သာစည်၊ မဟာစည်၊ သာသနာ့ရွှေဂူကျောင်း၊ သစ္စာမေတ္တာကျောင်း၊ ရေစက်ကျောင်း၊ ကျောင်းသစ်ကျောင်း စသော ကျောင်းများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ သောက်သုံးရေနှင့် ချိုးရေများ အခက်အခဲမရှိစေရန် ဂါလန်သုံးသောင်းခွဲဆံ့ (RC) အုတ်ရေကန်ကြီးတစ်လုံး၊ ပေ ၄၂၀ အနက်ရှိ အဝီစိတွင်း တစ်တွင်းတူးပေးထားသည့်အပြင် မီးအခက်အခဲမရှိစေရန် ၂၄ နာရီ လျှပ်စစ်မီး သွယ်တန်းထားရှိခြင်းတို့ဖြစ်သည်။

ဘုရားဖူးလာ ဧည့်သည်တော်များအနေဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူး၊ ကုသိုလ်ယူ အမျှဝေနိုင်ရန်အတွက် စည်တော်ကြီးနှင့် မောင်းကြီးအား ဆောက်လုပ်ထားရှိကာ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များအား ရည်မှန်း၍ ဖူးမြော်နိုင်ရန် ဒေသစာရီ မြတ်ဗုဒ္ဓနှင့် ရဟန္တာ ၅၆ ပါး ရုပ်တုတော်များလည်း မြောက်ဘက်ကုန်းတော်ပေါ်တွင် ထုလုပ်ပေးထားပြီး ရုပ်နီးရုပ်ဝေးမှ ဘုရားဖူးပြည်သူများ အဆင်ပြေပြေ ဖူးမြော်နိုင်ရန် ငွေကျပ် ၁၇၄၂ သိန်းကျော် အကုန်အကျခံ တည်ဆောက်ထားကြောင်း သိရသည်။

ထို့အပြင် ဘုရားပေါ်သို့ အတက်၊ အဆင်းလမ်းနှစ်လမ်းကို မကွေးတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက္ကိန်းတဲဘုရား ဘဏ္ဍာထိန်းဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး။

# မန္တလေး ဆုထူးပန်အဘိဓမ္မာပြန့်ပွားရေးအသင်းတွင် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၃**

ဆုထူးပန်အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ အောင်လက်မှတ်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အသင်းတည်ရှိရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၁၈ လမ်းနှင့် ၁၉ လမ်းကြား ၈၆ လမ်းရှိ မဟာဒီပဲယင်း ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ရွှေတောင်သာဓမ္မဗိမာန်တော်၌ ကျင်းပသည်။



ရှေးဦးစွာ ဆုထူးပန်အဘိဓမ္မာ ပြန့်ပွားရေးအသင်းမှ (မန္တလေး) ဥက္ကဋ္ဌ ဦးအောင်သန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ၂၀၂၁ ခုနှစ်တွင် သာသနာရေးဦးစီးဌာနက ကျင်းပသည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုတံဆိပ်နှင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ရာ ဗဟိုအဆင့်တွင် နှစ်ချင်းသုံးဆင့်စလုံး ထူးချွန်စွာ အောင်မြင်သည့် အဘိဓမ္မာဘာသာရပ်တွင် တစ်နိုင်ငံလုံး (ဂုဏ်ထူးဆောင်) ပထမရရှိသော ဒေါ်ခင်နှင်းကြည်၊ ဝိသုဒ္ဓိမဂ်ဘာသာရပ်တွင် ပထမရရှိသူ ဒေါ်စန်းစန်းဌေး၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) ဘာသာရပ်တွင် ဒုတိယရရှိသော ဒေါ်နီလာအေး၊ တိုင်းဒေသကြီးအဆင့်တွင် ထူးချွန်စွာ အောင်မြင်ကြသူများဖြစ်သည့် ဘာသာရပ်(ဂုဏ်ထူးဆောင်) အဘိဓမ္မာတွင် ပထမရရှိသူ ဒေါ်ခင်နှင်းကြည်၊ ဒုတိယရရှိသော ဒေါ်နီလာအေး၊ တတိယနှင့် သုံးဆင့်စလုံး တတိယရရှိသူ ဒေါ်သန်းသန်းဝင်း၊ ဝိသုဒ္ဓိမဂ်ဘာသာရပ်တွင် ပထမရရှိသူ ဒေါ်စန်းစန်းဌေး၊ ဒုတိယနှင့် သုံးဆင့်စလုံး တတိယရရှိသူ ဒေါ်သိဂီထွန်း၊ တတိယရရှိသူ ဦးဇော်ဇော်မင်း တို့အား အသင်းတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အောင်လက်မှတ်များကို နာယက ဒေါ်ခင်သိန်းဝင်းက ပေးအပ်ပြီး ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပို့ချပေးသော နည်းပြ ဆရာ ဆရာမများအား နာယက ဒေါ်ယဉ်ယဉ်ရွှေက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းမြင့်က နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**ဇော်လင်းဦး(အောင်စံ)**

# နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာလုပ်ငန်းခွင်နှင့် မျိုးစေ့ထုတ်လုပ်ငန်းများအား ဒေသအသီးသီးမှ လုပ်ငန်းရှင်များ၊ တောင်သူများ စိတ်ဝင်စားစွာ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တစ်ကေချင်း၏ အထွက်နှုန်းမြင့်မားရန်နှင့် ဈေးကွက်အကြိုက် အရည်အသွေးမီ ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာ အသုံးပြုစိုက်ပျိုးနိုင်စေရန် အစိုးရဌာန၊ ပုဂ္ဂလိကများနှင့် မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသလိုက်မျိုးစေ့ထုတ်လုပ်ငန်းများအပေါ် အပြန်အလှန် ကွင်းဆင်းလေ့လာခြင်းများ၊ အသိပညာ၊ နည်းပညာ ဖလှယ်ခြင်းများလည်း ထွန်းကားလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်နှင့် မော်ကျွန်းမြို့နယ်များမှ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများသည် ပျဉ်းမနားမြို့နယ်ရှိ ပုဂ္ဂလိကမျိုးစေ့ထုတ်စိုက်ကွင်းများကို လာရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

လယ်ယာကဏ္ဍဆိုင်ရာ တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် ပညာရှင်အရင်းအမြစ်များစွာ တည်ရှိနေသည့် နေပြည်တော်ကောင်စီနယ်မြေအား စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သော စံပြမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရေမြေရာသီဥတု အခြေခံကောင်းများရှိနေသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မျိုးစေ့ထုတ်လုပ်ငန်းအပါအဝင် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နေခြင်းကြောင့် ဒေသအသီးသီးမှ လုပ်ငန်းရှင်များ၊ တောင်သူများက စိတ်ဝင်စားစွာ လာရောက်လေ့လာနေကြသည်။

ယခု လာရောက်လေ့လာကြသည့် ဆန်စက်လုပ်ငန်းရှင်နှင့် တောင်သူ ၄၀ တို့သည် ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ်စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ အထွက်ကောင်းမျိုးစပါး GW-11 မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုလေ့လာကြရာ မျိုးစေ့ထုတ် ပညာရှင်များနှင့်တာဝန်ရှိသူများက မျိုးကောင်းမျိုးသန့် မျိုးစေ့လက္ခဏာများ၊ မျိုးစေ့ထုတ် စိုက်ခင်းထူထောင်ခြင်းနှင့် စီးပွားဖြစ်မျိုးသန့်မျိုးပွားထုတ်လုပ်ခြင်းဆိုင်ရာ အတွေ့အကြုံများ၊ ပြည်တွင်းဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတစ်ခုလုံးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့ လွှမ်းခြုံရန်လိုအပ်ချက်နှင့် မျိုးစေ့ဈေးကွက်အလားအလာများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 ပြိုင်ပွဲဝင်များနှင့် မိသားစုများ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပပေးလျက်ရှိရာ အနုပညာရှင် တက်သစ်စလူငယ်များ လမ်းမှားမရောက်စေရန် ရည်ရွယ်၍ ယနေ့ နံနက် ၁၀ နာရီက ပြိုင်ပွဲဝင်များနှင့် မိသားစုများသည် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ **(ယာပုံ)**

ထိုသို့ သွားရောက်လေ့လာရာတွင် မူးယစ်ဆေးဝါးပြတိုက်အတွင်း ပြသထားသည့် အကြောင်းအရာများကို အသိပညာဗဟုသုတရဖွယ် ကြည့်ရှုခဲ့ကြပြီး ပြိုင်ပွဲဝင်များနှင့် မိသားစုများ စုစုပေါင်း ၁၈ ဦး သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**စန္ဒာမိုး**



**သင့်ကျန်းမာရေးအတွက်**

**နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုသို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဥက္ကံမြို့သစ် အမှတ်(၂)ရပ်ကွက်နေ ကျော်ဌေးဦးသည် ၎င်းအသုံးပြုသည့် "Kyaw Htay Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ ရပ်ကွက်ရှိ မိုးကောင်း ကျောင်းတိုက်နေသူများဖြစ်သည့် အရှင်အဇ္ဇုန (ခ)ဇော်နိုင်လင်းနှင့် အရှင်ကုသလ(ခ)ထက်ပိုင်စိုး တို့သည် ၎င်းတို့ အသုံးပြုသည့် "Zaw Naing Linn" Facebook အကောင့်နှင့် "Htet Paing Soe" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ရွှေပြည်အေးကျေးရွာနေ စိုးကိုကိုသည် ၎င်းအသုံးပြုသည့် "Soe Ko Ko" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာကေတမြို့နယ်တွင် လေအေးပေးစက်ဆော့ဖ်ဂတ် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်



**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေ ရပ်ကွက်တွင် လေအေးပေးစက်ဆော့ဖ်ဂတ် အပူလွန်ကဲရာမှ နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့သည်။

သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေ (၁၄) လမ်းတွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နမီးသတ်တပ်ဖွဲ့ ၄၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၁၅ ဦးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၉ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်သည့်နေအိမ်မှာ သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေ ၁၄ လမ်းရှိ (၂၀ x ၆၀) ပေ၊ RC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး အိမ်ရှင် ဒေါ်----- ၏ နေအိမ်အောက်ထပ် အိမ်ခန်းအတွင်း တပ်ဆင်ထားသော လေအေးပေးစက်ဆော့ဖ်ဂတ် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**ကျော်စိုးမိုး၊ ဓာတ်ပုံ-မြို့နယ်မီးသတ်**

# ၂၀၂၂ AFF Cup ပြိုင်ပွဲမတိုင်မီ မြန်မာနှင့် ထိုင်းအသင်း ခြေစမ်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၂၂ AFF Cup ပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း ခြေစမ်းကစားမည်ဖြစ်ကြောင်း ထိုင်းဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

**ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်**

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက်ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သော MNL ပြိုင်ပွဲ ပြီးဆုံးချိန်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းအပါအဝင် အခြားအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထိုင်းဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ AFF Cup ပြိုင်ပွဲမတိုင်မီ ထိုင်းလက်ရွေးစင်အသင်း၏ ပြင်ဆင်မည့် အစီအစဉ်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ထိုင်းလက်ရွေးစင်အသင်းသည် မြန်မာအသင်းနှင့် ခြေစမ်းပြီးပါက ဒီဇင်ဘာ ၁၄ ရက်တွင် တရုတ်(တိုင်ပေ) လက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာနှင့် ထိုင်းအသင်းသည် နှစ်အနည်းငယ်ကြာ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခြင်းမရှိဘဲ ယခုမှ ပြန်လည်ကစားခြင်းဖြစ်သည်။ သို့သော် မြန်မာနှင့် ထိုင်းအသင်းသည် နိုင်ငံတကာပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ကျင်းပသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် တွေ့ဆုံဖူးပြီး ထိုင်းအသင်းက လေးဂိုးပြတ် အနိုင်ရထားသည်။

**မြန်မာနှင့်ထိုင်း တစ်အုပ်စုစီကျရောက်**

မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ၂၀၂၂ AFF Cup ပြိုင်ပွဲတွင် တစ်အုပ်စုစီ ကျရောက်နေပြီး ထိုင်းအသင်းက အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မြန်မာအသင်းက အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။

**ရဲရင့်လွင်**

# ပုသိမ်မြို့၌ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ပုသိမ်မြို့ (၃)ရပ်ကွက် မြကျွန်းသာလမ်းပေါ်၌ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ပုသိမ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်မှာ ပုသိမ်မြို့နေ ဇေယျာအောင်(၂၀)နှစ် မောင်းနှင်လာသည့် AYY 1J/---- SKAT ယာဉ်သည် သဲများတင်ဆောင်ကာ မောင်းနှင်လာစဉ် ယာဉ်၏ဒိုင်နမိုမိန်းကြိုး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါယာဉ်မှာ မီးလောင်ပျက်စီးခဲ့သဖြင့် ဇေယျာအောင်အား ပုသိမ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ဘရိုက်တန်တို့ အိမ်ကွင်း၌ အက်စ်တွန်ဗီလာကို ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၁၆) လက်ကျန်ပွဲများကို နိုဝင်ဘာ ၁၃ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ ဘရိုက်တန်တို့ အိမ်ကွင်း၌ အက်စ်တွန်ဗီလာကို ရှုံးနိမ့်ခဲ့သည်။

ဘရိုက်တန်နှင့် ဗီလာပွဲမှာ ခြေရည်တူနှစ်သင်း ယှဉ်ပြိုင်ခြင်းကြောင့် အကြိတ်အနယ်ရှိခဲ့သည်။ ဦးဆောင်ဂိုးကို ပွဲအစ ၁ မိနစ်တွင် ဘရိုက်တန်မှ အယ်လစ္စတာက သွင်းယူပေးသည်။ ဗီလာအတွက် ချေပဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် ဒန်နီအင့်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးသည်။ ဗီလာအတွက် အနိုင်ဂိုးကို ပွဲချိန် ၅၄ မိနစ်တွင် ဘရိုက်တန်နောက်တန်း လူပေးအမှားမှတစ်ဆင့် ဒန်နီအင့်က သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် နယူးကာဆယ်နှင့် ချယ်ဆီးတို့ပွဲတွင် နယူးကာဆယ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရမှတ် ၃၀ ရရှိကာ အဆင့် ၃ ၌ ရပ်တည်နေသည်။ ဝုလ်ဗ်နှင့် အာဆင်နယ်ပွဲတွင် အာဆင်နယ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**

# နွားထိုးကြီးမြို့၌ မုန့်စုံရောင်းတိုက်နှစ်လုံး မီးရှို့ခံရ

**နွားထိုးကြီး နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့ အမှတ်(၄)ရပ်ကွက် မြင်းခြံ-မန္တလေးသွားကားလမ်းရှိ ဦးသိန်းထွန်းဝင်း၊ ဒေါ်ဝေ မုန့်စုံတိုက် နှစ်လုံးမှာ နိုဝင်ဘာ ၁၂ ရက် ည ၁၂နာရီခန့်က မီးရှို့ခံရပြီး ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်မှုကြောင့် ရောင်းချနေသော မုန့်မျိုးစုံအပါအဝင် တိုက်နှစ်လုံးအတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါနေရာသို့ နွားထိုးကြီးမြို့ မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး လာရောက်ငြိမ်းသတ်ခဲ့သဖြင့် ပတ်ဝန်းကျင်ကူးစက်မှုမရှိကြောင်း၊ လူနှင့်တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း သိရသည်။

**(၀၁၈)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၁၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၀ ဒသမ ၉၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၄၀၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Isuzu Light Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ်(၂၂)မိုင် (၃)ဖာလုံနှင့် မိုင်တိုင်အမှတ် (၂၁)မိုင် (၁)ဖာလုံတို့တွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သစ်သီးမျိုးစုံ ၁၀၅၇ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၂၂၄၇၄၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Wifi လိုင်းခွဲစက်များနှင့် မိုဘိုင်းလ်ဖုန်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၆၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD VY12 အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၆၃၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အလုံရပ်ကွက်အတွင်း တရားမဝင် အင်သစ်ခွဲသား ၇ ဒသမ ၃၅၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၅၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရွှေသံလွင်တိုးဂိတ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် မုန်လာဥနီ ၇၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် Nissan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၀၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Hino truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၁၈၀၄၈၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ရက်တွင် မြဝတီ(OSS) ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် High Density Polypropylene ၄၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀) ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၈၅၄၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမိုနီယမ်နိုက်ထရိတ်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီးတွင် အောင်သန့်ဇင် (ခ) အောင်ကို မောင်းနှင်ပြီး ဝေနိုင်ထူးနှင့် မအိစန္ဒာအောင် (ခ) အိအိတို့ လိုက်ပါလာသည့် Isuzu အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အမိုနီယမ်နိုက်ထရိတ် ၁၃၂၆၆ ကီလို၊ မြန်မာငွေကျပ် ၆ ဒသမ ၅ သိန်းကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ည-ရပ်ကွက် သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထောင့်တွင် နေငြိမ်းဇော်(ခ) ဘုမောင်နှင့် မောင်မောင်ဦး(ခ) မောင်မောင်တို့နှစ်ဦးအားမသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို လည်းကောင်း။

အလားတူ မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအနီး တန့်ယန်း-လားရှိုးသွား ကားလမ်းတွင် ကျင်းဟော်မောင်းနှင်လာသည့် Toyota Alphard အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကို လည်းကောင်း၊ ထို့အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ည ၇ နာရီခွဲတွင် ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာအနီး ရပ်စောက်-ကျောက်ဂူသွား ကားလမ်းတွင် နိုင်ဝင်းထွန်း မောင်းနှင်လာသည့် Fuso အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်နှင့် စိုင်းမျိုး မောင်းနှင်ပြီး တင်ကိုကိုဝင်း လိုက်ပါလာသည့် Nissan အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Fuso အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Toluene လီတာ ၂၇၀၀၊ Ethyl acetate လီတာ ၃၁၂၀၊ Calcium Carbonate ၂၄၇၅ ကီလိုနှင့် Nissan အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Toluene လီတာ ၇၅၀၊ Coloro-form လီတာ ၄၈၀၀၊ Calcium Carbonate ကီလို ၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၁၁ နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ခိုင်းသူ သန်းလင်း(ခ) အရှည်ကြီးနှင့် နှင်းကိုကို တို့အား Toyota Surf အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




အောင်သန့်ဇင်(ခ)အောင်ကို၊ ဝေနိုင်ထူးနှင့် မအိစန္ဒာအောင်(ခ)အိအိတို့အား သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။



စိုင်းမျိုး၊ တင်ကိုကိုဝင်း၊ သန်းလင်း(ခ)အရှည်ကြီး၊ နှင်းကိုကိုနှင့် နိုင်ဝင်းထွန်းတို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး တွေ့ဆုံပွဲကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ SMU ခန်းမ၌ သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများတွေ့ဆုံပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက "ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ တိုးတက်လာမှသာ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါကြောင်း၊ ကျေးလက်နေ တောင်သူအများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများ ဖြစ်တဲ့အတွက် စိုက်ပျိုးရေး လုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ပါက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါကြောင်း၊ တောင်သူများ အနေဖြင့် မိမိစိုက်ပျိုးမည့်သီးနှံများအလိုက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စေလိုကြောင်း၊ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးကာလမှာ သီးနှံစိုက်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန် သီးထပ်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တောင်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း"ဟု ပြောကြားခဲ့သည်။

ထို့နောက် သက်ဆိုင်ရာဌာနဆိုင်ရာများက သီးထပ်စွမ်းအားမြင့်မားရေးအတွက် ဆောင်းသီးနှံ၊ နွေသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နွေသီးနှံတိုးချဲ့ စိုက်ပျိုးမှုအပေါ် ရေပေးဝေမည့် အခြေအနေများ၊ စက်မှုလယ်ယာ ဝန်ဆောင်မှုပေးမည့်ကဏ္ဍများအား ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများက စိုက်ပျိုးစရိတ်၊ ထွန်ယက်ရေးကိစ္စများ၊ ကျေးလက်ကုန်ထုတ်လမ်းများ အကြောင်းကို ဆွေးနွေး တင်ပြကြပြီး နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ဘီ**

# ပေါက်တောမြို့နယ်၌ ဂျပန်နိုင်ငံမှလှူဒါန်းသော ဆန်ကို ASEAN+3 နိုင်ငံများ၏ အစီအစဉ်ဖြင့်လှူဒါန်း

**ပေါက်တော နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံခဲ့ရသူများအား ဆန်ထောက်ပံ့ လှူဒါန်းပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးက ထောက်ပံ့ဆန် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံခဲ့ရသူများကို တာဝန်ရှိသူများက ဆန် ထောက်ပံ့လှူဒါန်းပေးကြသည်။

ပေါက်တောမြို့နယ် အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံရသူ ၁၁၄ ဦးကို ဂျပန်နိုင်ငံမှလှူဒါန်းသော ဆန်ကို ASEAN+3 နိုင်ငံများ၏ အစီအစဉ်ဖြင့် လူတစ်ဦးလျှင် ဆန် ခုနစ်ကီလိုနှုန်း၊ တစ်ကီလိုလျှင် ကိုးရာနှုန်း၊ လူတစ်ဦးအတွက် ငွေကျပ် ၆၃၀၀ နှုန်းဖြင့် လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံခဲ့ရသူ ၁၁၄ ဦးအတွက် ငွေကျပ် ၇၁၈၂၀၀ ကို လှူဒါန်းသွားမည်ဖြစ်ရာ ထောက်ပံ့ငွေမရရှိသူများအား ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံခဲ့ရသူများ အနေဖြင့် ခိုင်လုံသောသက်သေအထောက်အထားများဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် သွားရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အခြေခံပညာ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၂/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ကကျင်းပခဲ့ရာ အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း တက်ရောက်အမှာစကား ပြောကြားသည်။



သင်တန်းတွင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ၊ သင်ကြားမှုဆိုင်ရာ လုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ၊ မူဝါဒ/ စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့် ကွန်ပျူတာ/ICT လုပ်ငန်းများကို ပိုမိုတတ်ကျွမ်းနားလည်စေပြီး မိမိရုံးလုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်) မှ ဌာနမှူးများ၊ လက်ထောက် ကထိကများနှင့် ဦးစီးအရာရှိများ စုစုပေါင်း သင်တန်းနည်းပြ ၁၄ ဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အထက်တန်းကျောင်းအုပ်ကြီး ၁၂၂ ဦး နှင့် အလယ်တန်းကျောင်းအုပ်ကြီး ၁၇၄ဦး စုစုပေါင်း ၂၉၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဖွားစောကျေးရွာ သစ္စာမဏ္ဍိုင်ဘုရားဝင်းအတွင်း၌ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းမှစတင်ကာ ညောင်ဦးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် သီးခြားတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်း သန့်ရှင်းရေးပြုလုပ်စဉ်။

ကိုကြေးမုံ



ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီချို၏ ကြီးကြပ်မှုဖြင့် ပျဉ်းမနားခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ သွားဆရာဝန် ဒေါက်တာထူးရဲအောင်နှင့် သူနာပြု ဆရာ ဆရာမကိုးဦးတို့က ကျောင်းသား ကျောင်းသူ ၄၂၇ ဦးကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်းကို နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

သူဇာလှိုင်(ပညာရေး)

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့မှပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့အဖြစ် သတ်မှတ်ချက်အား လိုက်နာမှုရှိစေရေး အသိပညာပေးခြင်း၊ စိစစ်ကြပ်မတ်စစ်ဆေးခြင်းတို့ကို နိုဝင်ဘာ ၁၃ ရက်နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး အတွင်းတွင် ဆောင်ရွက်စဉ်။

မျိုးဇော်သိန်း (ပြန်/ဆက်)



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်နှင့် ရန်ကုန်ဘဏ်ခွဲ)တို့တွင် တပ်ဆင်အသုံးပြုထားသော CBM-NET System ၌ အသုံးပြုထားသော SAN Switch (၄)လုံးအသစ်ဝယ်ယူခြင်းလုပ်ငန်းအတွက် ပြည်တွင်းရှိ ကုမ္ပဏီတစ်ခုခုထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁၈-၁၁-၂၀၂၂ ရက်မှ ၂၈-၁၁-၂၀၂၂ ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ၊ email: networkteam@cbm.gov.mm သို့ ပေးပို့တောင်းခံနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၇-၁၂-၂၀၂၂ ရက်၊ မွန်းလွဲ ၂:၀၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိပ်ပိတ်တင်သွင်းရပါမည်။ (ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝ လက်ခံမည်မဟုတ်ပါ)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (ရန်ကုန်ဘဏ်ခွဲ)၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ၊ Network Section ၊ ဖုန်း ၀၁-၉၅၅၉၄၈၉ နှင့် Email လိပ်စာ networkteam@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်
## အိတ်ဖွင့်လေလံခေါ်ယူခြင်း (လေလံအမှတ်စဉ်- ၁/၂၀၂၂-၂၀၂၃ )

လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင် မှ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁၊၂၀၂၁-၂၀၂၂ (Mini) ဘဏ္ဍာနှစ် တို့တွင် ဆောင်ရွက်ပြီးစီးခဲ့သော လမ်း-တံတားလုပ်ငန်းများမှ ရရှိသည့် ကတ္တရာပုံးခွံအဟောင်း စုစုပေါင်း (၁၈၅၉၈)လုံးအား လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်လေလံလျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| **လေလံလျှောက်လွှာ ရောင်းချမည့်ရက်** | - | ၁-၁၂-၂၀၂၂ရက်မှ ၁၄-၁၂-၂၀၂၂ ရက်အထိ (ရုံးချိန်အတွင်း) |
| **လေလံလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - | ၁၄-၁၂-၂၀၂၂ ရက်၊ ၁၆:၃၀နာရီ |
| **လေလံဖွင့်မည့်ရက်** | - | ၁၅-၁၂-၂၀၂၂ ရက်၊ ၁၀:၀၀နာရီ |
| **လေလံဖွင့်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင် ၊ တာငါးဆယ်မြောက်ရပ် ၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။ |

လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁-၁၂-၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်-

**လေလံတင်ရောင်းချရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်**
**ဖုန်း-၀၄၄-၂၁၀၃၃ ၊ ၀၄၄-၂၂၇၄၆**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/32927, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/2684, Daihatsu Hijet S200p, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၃/နဆန(နိုင်)၀၂၄၆၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၉-ဂ)၊ ဦးပိုင်အမှတ်(၁)၊ အောင်ဆန်းနှင့် ငွေကြဲလမ်းကြား၊ ၅၃x၅၄လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းမြင့် ၉/မနမ(နိုင်)၀၆၈၅၆၃ ၏ (SP ရသူ ဒေါ်ကဲ့လျင်ကျောင်း)က မူလပိုင်ရှင်၏မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် ၄၂၁/၂၀၂၂-၂၀၂၃ ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော နေနန်းသုခကွန်ဒို (or) TGK Villa၊ အခန်းအမှတ်(၄၀၄)၊ တိုက် B 4၊ လေးလွှာစတုရန်းပေ(၇၇၀)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ(၁)လုံး၊ မီတာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ဆွေဦး ၁၂/မဂတ(နိုင်)၀၄၄၇၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင် ၁၃/တယန(နိုင်)၀၉၆၁၈၁က ကာလပေါက်ဈေးဖြင့်ဝယ်ယူရန် သဘောတူညီသောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ စ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်လှိုင်ကျော်(LL.B, D.B.L,D.I.L)**
**အထက်တန်းရှေ့နေ**
**စဉ်-၄၂၀၄၁(၂၁-၆-၂၀၁၃)**
**အမှတ်(192/A)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၇၈၀၉၁**
**မြနန်းသုခ Law Firm and Real Estate Co.,Ltd**

---

## စက်မှုဝန်ကြီးဌာန
## အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၂၁)အကြီးစားစက်ရုံ(တာယာစက်ရုံ-သထုံ)
## Public Private Partnership(PPP)အတွက်
## စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ
## (Expression of Interest-EoI)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သထုံ-ဘားအံ မော်တော်ကားလမ်း၊ ကြာပန်းကျေးရွာအနီး၊ ရန်ကုန်မြို့မှ (၁၅၆)မိုင်အကွာတွင်တည်ရှိသည့် စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၁)အကြီးစားစက်ရုံ(တာယာစက်ရုံ-သထုံ)ကို Czech နည်းပညာဖြင့် တည်ထောင်၍ ၁၉၈၅ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ကျွတ်တပ်ဆင်အသုံးပြုရသော Bias Tyre များ ထုတ်လုပ်ခဲ့ပါသည်။ အဆိုပါတာယာစက်ရုံတွင် တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအပြင် အခြားစက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများအား ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership - PPP)ပုံစံဖြင့် ပူးပေါင်း ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest - EoI) ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာကို စီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ လိပ်မူ၍ ၁၄-၁၂-၂၀၂၂ရက်၊ ညနေ၃:၀၀ နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို အောက်ဖော်ပြပါကုမ္ပဏီဆိုင်ရာ အထောက်အထားများတင်ပြ၍ အထက်ပါလိပ်စာတွင် ၁၄-၁၁-၂၀၂၂ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်-

- (က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းဖော်ပြသည့် တင်ပြစာ
- (ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်
- (ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီဆိုင်ရာအချက်အလက်များ
- (ဃ) ရင်းနှီးမြှုပ်နှံလိုသူများ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက်အတွေ့အကြုံ
- (င) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် Contact Person ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်း၊ Email

**(သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန် ဖုန်း-၀၆၇-၄၀၈၆၇၅၊ ၀၆၇-၄၀၈၆၇၆)**

---

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ- ၆၆)
## သထုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် ဇာရီမှုအမှတ်-၂၀

| | | |
|---|---|---|
| ဦးဇော်မင်းသိန်း | နှင့် | ၁။ ဦးညီညီလေး<br>၂။ ဒေါ်ဝါဝါခိုင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ဒက္ခိဏခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၄၀/၂၀၂၀အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် ၊ နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ မင်းလမ်းကွက်၊ မင်းလမ်းပေါ်ရှိ အကွက်အမှတ်(၅၅)၊ ဦးပိုင်အမှတ်(၂၇ ဆ)၊ အရှေ့လားသော် မင်းလမ်း၊ အနောက်လားသော် ဒေါ်ရွှေရင်၊ တောင်လားသော် ဒေါ်စောတင်၊ မြောက်လားသော် ဦးသန်းစိုးနှင့် ဒေါ်ခင်လေးနွယ် အနားလေးရပ်အတွင်းရှိ မြေဧရိယာ ၀ ဒသမ ၀၃၀ ဧက အကျယ်အဝန်းမြေနှင့် အဆောက်အအုံ။

**ကြမ်းခင်းဈေးကျပ်သိန်း (၂၅၀၀) (ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ/-)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

(၂) လေလံတင် ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူကငွေကျပ် ၁၀၀ကျပ်လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ ရက်မြောက်ရက် ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ရုံးလမ်းနေ ဒေါ်နန်းဟောင် ၁၃/ကတန(နိုင်)၀၇၄၁၉၂ ပိုင်ဆိုင်သော တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ရွှေတိဂုံလမ်းသွယ်ရှိ "AKL အောင်ခမ်းလီမိုတယ်"အား ကျွန်မ ဒေါ်နန်းဝါ ၁၃/တကန(နိုင်)၂၆၅၉၂၅ မှ ၁၉-၁၂-၂၀၂၁ ရက်တွင် အပြီးပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ "AKL အောင်ခမ်းလီမိုတယ်" ပိုင်ရှင်အမည်အား ကျွန်မ ဒေါ်နန်းဝါအမည်ဖြင့် ပြောင်းလဲလျှောက်ထားသွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နန်းဝါ**
**၁၃/တကန(နိုင်) ၂၆၅၉၂၅**

---

## တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက်
## ဧရာဝတီတိုင်းဒေသကြီး
## ပုသိမ်မြို့
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ်(၆၆/၄)အနီး ကွင်းအမှတ်(၃၈၅/A)ဆူးပဒေါင်းမြောက်တွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် မန်းရတနာကျော်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထက်ရောခတ်မြေသြဇာ(အရော)စက်ရုံ၊ စက်ပစ္စည်းများ၊ အဆောက်အအုံများ၊ ခတ်မြေသြဇာထုတ်လုပ်/ရောင်းချ/ဖြန့်ဖြူးခွင့်လုပ်ငန်းဆိုင်ရာအဝဝကို မျက်မြင်မြေပြင်ရှိ အနေအထားအတိုင်း (အိတ်ပိတ်လေလံ)စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့် ထက်ရောခတ်မြေသြဇာ(အရော)စက်ရုံအပါအဝင် အဆောက်အအုံနှင့်ဆက်စပ်ပစ္စည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) စက်ရုံပိုင်(စက်မှုဂရန်မြေ) (၂ ဒသမ ၆၇)ဧကနှင့် အဆောက်အအုံ(၅)လုံး
  - (၁) မြေသြဇာစက်ရုံ(၁)လုံးနှင့် ပရိဘောဂပစ္စည်းများ
  - (၂) မြေသြဇာနှင့် လယ်ယာသုံးစက်ပစ္စည်းအရောင်းပြခန်း(၁)ခန်း
  - (၃) သင်တန်းခန်းမ အဆောက်အအုံ(၁)လုံး
  - (၄) နှစ်ထပ်လူနေဆောင်(၁)လုံး
  - (၅) သိုလှောင်ရုံ(၁)လုံး
- (ခ) မြေသြဇာအရောစက် (၂)လုံးနှင့် ဆက်စပ်ပစ္စည်းများ
- (ဂ) Dongfeng Cumnins အမျိုးအစား ဒီဇယ်သုံး (၆၂ ဒသမ ၅)KVA လျှပ်စစ်ဓာတ်အားပေးစက် (၁)လုံးနှင့် မီးစက်ရုံ(၁)ခု
- (ဃ) (၁၆၀)KVA လျှပ်စစ်ထရန်စဖော်မာ (၁)လုံးနှင့် ဆက်စပ်ပစ္စည်းများ
- (င) (၂၁)ပေ အမြင့်ရှိ သံရေစင်နှင့် (၂)လက်မစက်ရေတွင်း(၁)ခု
- (စ) မြေနမူနာ ဓာတ်ခွဲစမ်းသပ်ခန်းနှင့် ဆက်စပ်ပစ္စည်းများ

| | | |
|---|---|---|
| **လေလံတင်ရောင်းချမည့်ရက်** | - | ၁၂-၁၁-၂၀၂၂ ရက်မှ ၂၈-၁၁-၂၀၂၂ ရက်အထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - | ၂၈-၁၁-၂၀၂၂ ရက်၊ (၁၆:၀၀)နာရီ |
| **လေလံလျှောက်လွှာရောင်းချမည့်နေရာ** | - | ၁။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ် ရွှေစေတီလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ပုသိမ်မြို့၊<br>၂။ မန္တလေးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ် ရန်ကုန်-မန္တလေးကားလမ်းဟောင်း(၇၈)လမ်းနှင့် မဟာမြတ်မုနိဘုရားကြီးအရှေ့ဘက်မုခ်ဦးလမ်း၊ ရတနာပူရပြတိုက်။ ဖုန်း-၀၉-၂၀၀၄၁၃၂<br>၃။ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ် ရန်ကုန်ရုံးခွဲ၊ တိုက်( ၂၆၂/ ၂၈၆)၊ အခန်း(၈) ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၉၃၄၇၁၇၅ |

၃။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာပိတ်သိမ်းမည့်ရက် (၂၈-၁၁-၂၀၂၂)ရက်၊ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ ဧရာဝတီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်တွင် ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသောဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ လေလံလျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ ၂၉-၁၁-၂၀၂၂ ရက်၊ (၁၀း၀၀)နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို စက်ရုံတည်ရှိရာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး၊ မိုင်တိုင်အမှတ်(၆၆/၄)၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်ရှိ ထက်ရောခတ်မြေသြဇာ(အရော)စက်ရုံအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

| | |
|---|---|
| 09-777737105 | 09-43170976 |
| 09-5202179 | 09-8550587 |
| 09-422477604 | 09-451238269 |
| 09-5201419 | |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

---

## NOBELS MYANMAR JAPAN COMPANY LIMITED
## (Registration No.110141114)
### ၂၀၂၀ ခုနှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ - ၁၄၇(က) ပုဒ်မခွဲငယ်(၂)၊ပုဒ်မ-၁၅၂(က) နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေပုဒ်မ - (၉) တို့အရ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်-(၉၄၃/၉၄၄) ၌ တည်ရှိသော NOBELS MYANMAR JAPAN COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၁၀၁၄၁၁၁၄)အား ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၉-၁၁-၂၀၂၂ ရက်တွင်ပြုလုပ်သော ကုမ္ပဏီ၏ အထူးအစည်းအဝေးအရ ဆုံးဖြတ်ချမှတ်ခဲ့သည်မှာ -

(၁) လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၄၇(က) ပုဒ်မခွဲငယ် (၂)အရ ကုမ္ပဏီ အား ၃၀-၁၁-၂၀၂၂ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်သည်။

(၂) လူမွဲခံယူခြင်းဆိုင်ရာပုဒ်မ ၁၅၂(က)အရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် - ၈၂ (အပေါ်ဆုံးထပ်/ညာဘက်ခန်း)နေ ဒေါက်တာတက်နေထွန်း (တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၂၅/၂၀၁၇) မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ အသင်းဝင်(အမှတ် - ၀၀၁၄၁)အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

(၃) ကုမ္ပဏီစတင်ဖျက်သိမ်းသည့်ရက်မှစ၍ ကုမ္ပဏီ၏ ပေးရန်ရှိသည်များကို (၁)နှစ်အတွင်း ပေးချေနိုင်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

(၄) သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့်ပတ်သက်၍ ပေးရန်၊ ရရန် (သို့မဟုတ်) တောင်းဆိုချက်များရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတ်မှတ်ပုံစံများဖြင့် ဤသတင်းစာကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကုမ္ပဏီ၏စာရင်းရှင်းလင်းရေး အရာရှိဒေါက်တာ တက်နေထွန်းထံသို့ ဆက်သွယ်ဆောင်ရွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ထားသောရက်အတွင်း တောင်းဆိုတင်ပြနိုင်ခြင်းမရှိပါက နောက်နောင် ထိုသို့အကျိုးအမြတ်ခံစားပိုင်ခွင့်၊ အခွင့်အရေးတောင်းဆိုပိုင်ခွင့်၊ ကန့်ကွက်အရေးဆိုပိုင်ခွင့်ရှိတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်၊

| | |
|---|---|
| **Mr. TAKAHIRO KUMABE** | **ဒေါက်တာ တက်နေထွန်း** |
| **(Director)** | **Ph.D. MRes, LL.B, LL.M, D.B.L,D.I.L** |
| **Nobels Myanmar Japan** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၅/၂၀၁၇)** |
| **Company Limited** | **MAIP အသင်းဝင် (အမှတ်-၀၀၁၄၁)** |
| **(ဒါရိုက်တာအဖွဲ့ကိုယ်စား)** | **ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| | **ဖုန်း-၀၉-၅၁၃၂၄၂၅၊** |
| | **tunlegalmyanmar@gmail.com** |

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/5975 Suzuki Carry DA63T Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်လွင် ၉/မနမ(နိုင်)၀၉၁၃၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၅)၊ ဦးပိုင်အမှတ်(၅)၊ ၆၀ ဘီx၆၁ လမ်း၊ ၁၃၃x၁၃၄ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးပြည့်ရှိန်၊ တီဒီယူ-၀၈၇၀၇၇ ၏ (SP ရသူ ဦးကျော်အေး)က အမည်ပေါက်သူ ဦးပြည့်ရှိန်၏ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို တင်ပြရမည်ဖြစ်သော်လည်း ၄င်းရမ်း၍မရကြောင်း တင်ပြစာ၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ် ၄၂၃/၂၀၂၂-၂၀၂၃ ဖြင့် တောမှမြို့ပြောင်း သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အမည်မှန်

ဦးမွန်ထော ၏သမီး မုဒုံမြို့၊ ဆုမြတ်ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအိရွှေစင်ထွန်း၏ အမည်မှန်မှာ မအိရွှေဇင်ထွန်းဖြစ်ပါကြောင်း။

**မအိရွှေဇင်ထွန်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/42713, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ 41 Shwe Mandalar Co.,Ltd, ၃၄လမ်း၊ ၇၄x၇၅ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/31574, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းနွယ် ၈/မမန(နိုင်)၁၄၀၆၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/57163, Honda Scoopy -110, ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊


၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စိုးလင်းဦးနှင့် သွေးသစ်ဝင်းလှိုင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်




ရန်ကုန် နိုဝင်ဘာ ၁၃

The Great Lethwei Chenal+ တို့ စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တွဲဆိုင်းရှစ်တွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် CANAL+Sports 1 ရုပ်သံလိုင်းနှင့် CANAL+ အပလီကေးရှင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တွဲဆိုင်းရှစ်တွဲတွင် ၆၇-၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်တန်း) တွင် ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနှင့် သွေးသစ်ဝင်းလှိုင်တို့ ပြိုင်ပွဲတွင် စိုးလင်းဦးသည် ပွဲစဉ်ပေါင်း ၁၂၁ ပွဲအနက်

စာမျက်နှာ ၈ ကော်လံ ၄ ❍

## အောင်လအန်ဆန်၏ပွဲစဉ်ပါဝင်မည့် ONE 163 ပြိုင်ပွဲတွင် တွဲဆိုင်း ၁၂ ပွဲ ပါဝင်မည်

ရန်ကုန် နိုဝင်ဘာ ၁၃

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်ပွဲစဉ်ပါဝင်သည့် ONE 163 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ONE 163 ပြိုင်ပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်းတစ်ခုစီတွင် တွဲဆိုင်းခြောက်ပွဲစီ ပါဝင်မည်ဖြစ်ကာ အောင်လအန်ဆန်၏ တွဲဆိုင်းမှာ အပိုင်း-၂ တွင် ပါဝင်လာမည်ဖြစ်သည်။ အပိုင်း-၂ ကို နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး

စာမျက်နှာ ၈ ကော်လံ ၁ ❑




ယနေ့ သတင်း အညွှန်း

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ**

ပြည်တွင်းသတင်း စာ - ၂၆

**တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

မှုခင်းသတင်း စာ - ၂၇

**အမိုနီယမ်နိုက်ထရိတ်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**



## ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း/ဖလား၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် "က"အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း/ဖလား၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် "က" အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD channel၊ MWD HD channel၊ MWD Variety HD channel နှင့် MWD Education , Knowledge & Sports HD channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်